# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာ

(၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဧပြီလ မှ  စက်တင်ဘာလအထိ)

၂၀၂၁ ခုနှစ်၊ ဧပြီလ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာ

## (၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ စက်တင်ဘာအထိ)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အစီရင်ခံစာအကျဉ်းချုပ် | |
| ၂ | အခန်း(၁) မေခရိုစီးပွားရေးအခြေအနေနှင့်ငွေကြေးမူဝါဒအကောင်အထည်ဖော်မှု (အကျဉ်းချုပ်) | ၁ |
| ၃ | အခန်း(၂) ငွေကြေးမူဝါဒရည်မှန်းချက်နှင့်နည်းဗျူဟာများနှင့် ငွေကြေးမူဝါဒနည်းလမ်းများ | ၅ |
| | -ငွေကြေးမူဝါဒရည်မှန်းချက်နှင့်နည်းဗျူဟာများ | ၆ |
| | -ငွေကြေးမူဝါဒနည်းလမ်းများ | ၉ |
| | -အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း | ၉ |
| | -အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း | ၁၀ |
| | -လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များဆောင်ရွက်ခြင်း | ၁၁ |
| ၄ | အခန်း(၃) စီးပွားရေး ၊ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးအခြေအနေတင်ပြချက် | ၁၃ |
| | -စီးပွားရေးတိုးတက်မှုအခြေအနေ | ၁၄ |
| | -ငွေကြေးဖောင်းပွမှုအခြေအနေ | ၁၅ |
| | -ဘဏ္ဍာရေးအခြေအနေ | ၁၈ |
| | -ကုန်သွယ်မှုအခြေအနေ | ၁၉ |
| | -နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ | ၂၁ |
| | -နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေအခြေအနေ | ၂၁ |
| | -နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေ | ၂၁ |
| | -ငွေကြေးပမာဏအခြေအနေ | ၂၅ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | -ဘဏ်အချင်းချင်းငွေကြေးဈေးကွက်ဆောင်ရွက်မှုအခြေအနေ | ၂၇ |
| | | -အစိုးရငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရောင်းချမှု အခြေအနေ | ၂၉ |
| | | -ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ၏ချေးငွေ အခြေအနေ | ၃၀ |
| ၅ | အခန်း(၄) | ငွေကြေးမူဝါဒလုပ်ဆောင်ချက်များ | ၃၂ |
| | | -အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ထားရှိဆောင်ရွက်မှုအခြေအနေ | ၃၃ |
| | | -အပ်ငွေလေလံဆောင်ရွက်မှုအခြေအနေ | ၃၅ |
| ၆ | နောက်ဆက်တွဲဇယားများ | | ၃၇ |
| | ဇယား(၁) | ငွေကြေးဖောင်းပွမှုနှုန်းများ (၂၀၁၉ခုနှစ်၊စက်တင်ဘာလမှ၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလအထိ) | ၃၈ |
| | ဇယား (၂) | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းကိန်းအရနှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ်၊စက်တင်ဘာလမှ၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလအထိ) | ၃၉ |
| | ဇယား(၃) | တိုင်းဒေသကြီး၊ပြည်နယ်နှင့်မြို့ကြီး(၃)မြို့၏စားသုံးသူဈေးဆနှုန်းကိန်း အရပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ်စက်တင်ဘာလမှ၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလအထိ) | ၄၀ |
| | ဇယား (၄) | စုစုပေါင်း ပို့ကုန်နှင့်သွင်းကုန်အခြေအနေပြဇယား | ၄၁ |
| | ဇယား (၅) | လစဉ်ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့်ဗဟိုဘဏ်၏နိုင်ငံခြား သုံးငွေဈေးပြိုင်လေလံတွင်ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၉ခုနှစ်၊စက်တင်ဘာလမှ၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလအထိ) | ၄၂ |
| | ဇယား (၆) | ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းနှင့်ထိရောက်သော အမှန်ငွေလဲလှယ်နှုန်း (၂၀၁၉ခုနှစ်စက်တင်ဘာလမှ၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလအထိ) | ၄၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဇယား(၇) | စုစုပေါင်းငွေကြေးပမာဏနှင့်ယင်းအပေါ်အကျိုးသက်ရောက်စေသည့် အချက်များ (၂၀၁၆ခုနှစ်၊စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ) | ၄၄ |
| ဇယား(၈) | ဘဏ်အချင်းချင်းငွေကြေးဈေးကွက်အတိုးနှုန်းပြောင်းလဲမှုအခြေအနေ (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၀ပြည့်နှစ် ၊စက်တင်ဘာလအထိ) | ၄၅ |
| ဇယား(၉) | ဘဏ်အချင်းချင်းငွေကြေးဈေးကွက်ဆောင်ရွက်မှုအခြေအနေ (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ) | ၄၆ |
| ဇယား(၁၀) | အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၉ခုနှစ်၊အောက်တိုဘာလမှ၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလအထိ) | ၄၇ |
| ဇယား(၁၁) | အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၉ခုနှစ်၊အောက်တိုဘာလမှ၂၀၂၀ပြည့်နှစ်၊ မတ်လအထိ) | ၅၁ |

## အစီရင်ခံစာအကျဉ်းချုပ်

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ဒုတိယ(၆)လကာလအတွက် ငွေကြေးမူဝါဒအကောင်အထည် ဖော်ဆောင်ရွက်ချက် အစီရင်ခံစာတွင် အခန်း(၄)ခန်း ဖော်ပြပါရှိပါသည်။ အခန်း(၁)တွင် မေခရို စီးပွားရေး အခြေအနေနှင့် ငွေကြေးမူဝါဒအကောင်အထည်ဖော်မှု (အကျဉ်းချုပ်)၊ အခန်း(၂)တွင် ငွေကြေးမူဝါဒ ရည်မှန်းချက်နှင့် နည်းဗျူဟာများနှင့် ငွေကြေးမူဝါဒနည်းလမ်းများ၊ အခန်း(၃)တွင် စီးပွားရေး၊ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးအခြေအနေနှင့် အခန်း(၄)တွင် ငွေကြေးမူဝါဒလုပ် ဆောင်ချက်များဟူ၍ ဖော်ပြထားရှိပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၃.၂ ရာခိုင်နှုန်းရှိခဲ့သဖြင့် ယခင်ဘဏ္ဍာရေးနှစ် စီးပွားရေးတိုးတက်မှုနှုန်း ၆.၈ ရာခိုင်နှုန်းအောက် များစွာလျော့နည်းခဲ့ပါသည်။ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍ အလိုက်ပါဝင်မှု၌ ဝန်ဆောင်မှုကဏ္ဍသည် ၄၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး၊ စက်မှုကဏ္ဍသည် ၃၆ ရာခိုင်နှုန်းနှင့် လယ်ယာကဏ္ဍသည် ၂၂ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ပါသည်။ ကဏ္ဍအလိုက် တိုးတက်မှုတွင် စက်မှုကဏ္ဍသည် တိုးတက်မှုအများဆုံးနှင့် လယ်ယာကဏ္ဍသည် တိုးတက်မှု အနည်းဆုံးဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းများကျဆင်းခြင်း၊ ပြည်တွင်း လောင်စာဆီ ဈေးနှုန်းများကျဆင်းခဲ့ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်ရှိ ငွေကြေးဖောင်းပွမှုနှုန်းများမှာ ယခင်နှစ် အလားတူကာလအောက် သိသာစွာလျော့နည်းကျဆင်း ခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းငွေကြေးပမာဏနှင့် သီးသန့်ငွေကြေးပမာဏ တိုးတက်မှုနှုန်း ရည်မှန်းချက်များအား ၁၆ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်း အသီးသီးထားရှိခဲ့ပါသည်။ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် စုစုပေါင်းငွေကြေးပမာဏနှင့် သီးသန့်ငွေကြေးပမာဏ တိုးတက်မှုနှုန်းများမှာ ၁၅ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါသည်။

စုစုပေါင်းငွေကြေးပမာဏတွင် အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်မှာ ၁၆ ရာခိုင်နှုန်း၊ အစိုးရကဏ္ဍသို့ချေးငွေမှာ ၃၇ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကကဏ္ဍနှင့်အခြားကဏ္ဍများသို့ ချေးငွေမှာ ၄၅ ရာခိုင်နှုန်းဖြင့် အသီးသီးပါဝင်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍနှင့်အခြားကဏ္ဍများသို့ ချေးငွေပါဝင်မှုမှာ အများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆)လ တာကာလအတွင်း မြန်မာကျပ်ငွေသည် ၆ ရာခိုင်နှုန်းနှင့် တစ်နှစ်တာကာလအတွင်း ၁၅ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် မြန်မာကျပ်ငွေ တန်ဖိုးသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate–NEER) အရ ၁၄ ရာခိုင်နှုန်းနှင့် ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate–REER)အရ ၁၅ ရာခိုင်နှုန်း အသီးသီးတန်ဖိုးမြင့်တက်ခဲ့သဖြင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်တင်ပို့မှုထက် သွင်းကုန်တင်သွင်းမှုက ပို၍များသောကြောင့် ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၁,၃၇၄ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ယခင်ဘဏ္ဍာရေးနှစ်၏ ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၁,၀၂၆ သန်းနှင့်နှိုင်းယှဉ်ပါကကုန်သွယ်မှု လိုငွေပိုမို မြင့်မားခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်စက်တင်ဘာလကုန်ရှိ နိုင်ငံခြားငွေပေးငွေယူစာရင်း အခြေအနေအရ သာမန်စာရင်းတွင် လိုငွေအမေရိကန်ဒေါ်လာ ၂,၀၆၃ သန်း ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးမြင့်ခဲ့ခြင်းကြောင့် စုစုပေါင်းပိုငွေ အမေရိကန် ဒေါ်လာ ၁,၂၁၃.၆ သန်း ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေပိုမိုကောင်းမွန်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ငွေကြေးတည်ငြိမ်ရေးရည်မှန်းချက် ရရှိစေရန် အတွက် နိုင်ငံ၏ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုအခြေအနေနှင့် လိုက်လျောညီထွေရှိမည့် ငွေကြေးမူဝါဒနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အပ်ငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ လျှော့နှုန်းနှင့်တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း၊ ချေးငွေစီမံခန့်ခွဲခြင်းအပါအဝင် အခြားသင့်လျော်သောနည်းလမ်းများ အသုံးပြုလျက် ငွေကြေးမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

# အခန်း(၁)

## မေခရိုစီးပွားရေးအခြေအနေ နှင့် ငွေကြေးမူဝါဒအကောင်အထည်ဖော်မှု

## (အကျဉ်းချုပ်)

- **မေခရိုစီးပွားရေးအခြေအနေနှင့်ငွေကြေးမူဝါဒ အကောင်အထည်ဖော်မှု (အကျဉ်းချုပ်)**
  စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ဒုတိယ(၆)လတာကာလ အတွက် စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်း ခြေအရယခင်နှစ်အလားတူကာလအောက် ၁.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် စီးပွား ရေးတိုးတက်မှုနှုန်းမှာ ရှေ့ပြေးအမှန်စာရင်း အရ ၃.၂ ရာခိုင်နှုန်းရှိရာ ယခင် ဘဏ္ဍာရေး နှစ်အလားတူကာလ၏ စီးပွားရေးတိုးတက် မှုနှုန်း ၆.၈ ရာခိုင်နှုန်း နှင့် နှိုင်းယှဉ်ပါက သိသာစွာလျော့နည်းခဲ့ပါသည်။
- ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ နှစ်အလိုက် ၂.၀၃ ရာခိုင်နှုန်းနှင့် ပျမ်းမျှ ၅.၈၁ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက် ချက်ထားသော Core CPI အရ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၇၄ ရာခိုင် နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၁.၂၃ ရာခိုင်နှုန်းရှိခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လောင်စာ ဆီဈေးနှုန်းများကျဆင်းခြင်း ၊ နိုင်ငံခြားငွေ လဲလှယ်နှုန်း ကျဆင်းခြင်း၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှစ၍လျှပ်စစ်မီတာခများ တိုးမြှင့်ခဲ့ ခြင်း၏ အကျိုးသက်ရောက်မှုပပျောက်ခြင်း နှင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင်ဖြစ်ပေါ် ခဲ့သော COVID-19 ကပ်ရောဂါ ပထမလှိုင်း နှင့် ၂၀၂၀ပြည့်နှစ်၊ဇူလိုင်လကုန်တို့တွင် ဖြစ် ပေါ်ခဲ့သော ကပ်ရောဂါဒုတိယလှိုင်းတို့ကြောင့် စားသုံးမှုအပါအဝင် အသုံးစရိတ်သုံးစွဲမှု လျော့နည်းလာခြင်းတို့ကြောင့် ငွေကြေး ဖောင်းပွမှုနှုန်းများကျဆင်းခဲ့ပါသည်။
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ယာယီအမှန် စာရင်းများအရ စုစုပေါင်းအစိုးရ ရငွေမှာ ဂျီဒီပီ၏ ၂၄ ရာခိုင်နှုန်း၊ စုစုပေါင်း အစိုးရအသုံးစရိတ်မှာ ဂျီဒီပီ၏ ၃၀ ရာခိုင် နှုန်းနှင့် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၆.၁ ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွင်းစုစုပေါင်း သုံးငွေသည် စုစုပေါင်းရငွေထက် ပိုမိုခဲ့ သဖြင့် အစိုးရ၏ ရငွေသုံးငွေစာရင်းတွင် လိုငွေဖြစ်ပေါ်ခဲ့ပြီး ယခင် ဘဏ္ဍာရေးနှစ်

နှင့်နှိုင်းယှဉ်ပါက လိုငွေနှင့် ဂျီဒီပီအချိုးမှာ သိသာစွာ မြင့်တက်ခဲ့ပါသည်။

- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဗဟိုဘဏ်၏ အစိုးရဘတ်ဂျတ် လိုငွေဖြည့်ဆည်းမှုမှာ မူလခန့်မှန်းခြေအရ ပြည်တွင်းမှ ချေးယူမှု၏ ၂၀ ရာခိုင်နှုန်း လျာထားသော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရသို့ ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှုမှာ ၁၃ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု (၂၃)ကြိမ် ဆောင်ရွက်ခဲ့ပြီး၊ အသားတင်ရောင်းချမှု ကျပ် ၂,၁၃၈.၆၀ ဘီလီယံနှင့်အစိုးရငွေတိုက်စာချုပ် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု (၁၂) ကြိမ် ဆောင်ရွက်ခဲ့ပြီး၊အသားတင်ရောင်းချမှုကျပ် ၂,၇၈၆.၇၃ ဘီလီယံ ရှိခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ကုန်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေမှာ ဝန်ဆောင်မှုနှင့်အသားတင်ဝင်ငွေတို့တွင် ပိုငွေဖြစ်ပေါ်ခဲ့သော်လည်းကုန်သွယ်မှု လိုငွေမြင့်မားခဲ့ခြင်းကြောင့် သာမန်စာရင်းပိုင်းတွင် လိုငွေအမေရိကန်ဒေါ်လာ ၂,၀၆၃ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသိသာစွာ တိုးမြင့်ခဲ့ခြင်းကြောင့်နိုင်ငံခြားငွေပေးငွေယူစာရင်းတွင် စုစုပေါင်းပိုငွေ အမေရိကန်ဒေါ်လာ ၁,၂၁၃.၆ သန်းဖြစ်ပေါ်ခဲ့ပါသည်။
- ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ဗဟိုဘဏ်ရှိ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေပမာဏမှာ သွင်းကုန်၏ ၄.၇ လစာရှိပြီး စုစုပေါင်းငွေကြေးပမာဏ၏ ၁၂.၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက်စီးပွားရေးတိုးတက်မှုနှုန်း လျာထားချက် ၇ ရာခိုင်နှုန်းအပေါ်ပြန်လည်သုံးသပ်လျက် သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ နှစ်အလိုက်တိုးတက်မှုနှုန်း ရည်မှန်းချက်တို့အား ၁၄ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်း အသီးသီး သတ်မှတ်ခဲ့ပါသည်။
- ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင်

သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်း ငွေကြေးပမာဏတို့၏ တိုးတက်မှုနှုန်းမှာ ၁၁ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အသီးသီး ရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ချေးငွေတိုးတက်မှုနှုန်းမှာ ၉ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အပ်ငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးသီးသန့်ငွေအချိုးသတ်မှတ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အပ်ငွေလေလံစုစုပေါင်း (၁၂)ကြိမ် ခေါ်ယူခဲ့ပြီး၊ တစ်ကြိမ်လျှင်ပျမ်းမျှ ကျပ် ၂၄၉ ဘီလီယံအားစီးပွားရေးစနစ်မှနုတ်သိမ်းနိုင်ခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွင်း အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်ထိန်းသိမ်းမှုကာလ (၁၃) ကြိမ်တွင် ဘဏ်များ အားလုံးသည် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ပြည့်မီမှုရှိခဲ့ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမြန်မာကျပ်ငွေတန်ဖိုး ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး များသောအားဖြင့် ငွေလဲလှယ်နှုန်းများ တည်ငြိမ်မှုရှိခဲ့ပါသည်။ ငွေလဲလှယ်နှုန်းများ၏ ကွာဟချက်မှာ အများအားဖြင့် ၁ ရာခိုင်နှုန်းအောက်ရှိခဲ့ပြီး၊ နေ့စဉ်ငွေလဲလှယ်နှုန်းများ၏ ပြောင်းလဲမှုမှာ အများအားဖြင့် ၀.၅ ရာခိုင်နှုန်းအတွင်း ရှိခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်နိုင်ငံခြားငွေဈေးပြိုင်လေလံမှတစ်ဆင့် အသားတင်ဝယ်ယူမှု အမေရိကန်ဒေါ်လာ၃၁၈.၄ သန်းရှိခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေတန်ဖိုးသည် အဓိက ကုန်သွယ်ဘက်နိုင်ငံများငွေကြေးအုပ်စု၏ ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate-NEER) အရ ၁၄ ရာခိုင်နှုန်းနှင့် ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER) အရ ၁၅ ရာခိုင်နှုန်း အသီးသီး တန်ဖိုးမြင့်တက်ခဲ့သဖြင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

# အခန်း(၂)

# ငွေကြေးမူဝါဒရည်မှန်းချက် နှင့် နည်းဗျူဟာများ

# နှင့်

# ငွေကြေးမူဝါဒနည်းလမ်းများ

## ငွေကြေးမူဝါဒရည်မှန်းချက်နှင့်နည်းဗျူဟာများ

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၂၀၁၃) အခန်း ၆၊ ပုဒ်မ ၄၀ (က)အရ ငွေကြေးမူဝါဒကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေကြေးမူဝါဒရည်မှန်းချက်မှာပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိစေရန်နှင့်ထိန်းသိမ်းရန် ဖြစ်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ငွေကြေးတည်ငြိမ်ရေးရည်မှန်းချက် ရရှိစေရန် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်အဖြစ် အပ်ငွေ/ချေးငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ လျှော့နှုန်းနှင့် တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း၊ချေးငွေစီမံခန့်ခွဲခြင်း အပါအဝင် အခြားသင့်လျော်သောနည်းလမ်းများ သတ်မှတ်ခြင်းစသည်တို့ကို အသုံးပြုဆောင်ရွက်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်ဖော်ဆောင်ရာတွင် နှစ်လတ်ကာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းအား ၅.၅ ရာခိုင်နှုန်း ရှိစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သီးသန့်ငွေကြေးပမာဏကို ရည်မှန်းချက်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် သင့်တင့်မျှတသော ငွေကြေးဖောင်းပွမှုနှုန်းဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုရည်မှန်းချက်ကို ရရှိစေနိုင်မည့် အနေတော် ငွေကြေးပမာဏကို ရည်မှန်းချက်အဖြစ် ထားရှိပါသည်။ ၎င်းရည်မှန်းချက်အတိုင်းရရှိစေရန် ငွေကြေးပမာဏအားထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။
- ငွေကြေးပမာဏအား ပြောင်းလဲစေသောအဓိကအချက်များဖြစ်သည့် ပြည်တွင်းလှည့်လည်သုံးစွဲငွေ၊ အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ၊ အစိုးရကဏ္ဍသို့ချေးငွေ၊ စီးပွားရေးကဏ္ဍသို့ ချေးငွေပြောင်းလဲမှုများအရဖြစ်ပေါ်လာမည့် ငွေကြေးပမာဏအားခန့်မှန်းပြီး ရည်မှန်းချက်နှင့်ချိန်ထိုးကာ စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံခေါ်ယူခြင်းနှင့် စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအား နုတ်သိမ်းရန်လိုပါက အပ်ငွေလေလံ

ခေါ်ယူခြင်းဖြင့် အကောင်အထည်ဖော် ထိန်းကျောင်းပေးပါသည်။

- (၁၁-၇-၂၀၁၃)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊အခန်း၆ ပုဒ်မ၄၀(ခ)နှင့်(ဃ)တို့အရမြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်း ဆိုင်ရာမူဝါဒကို ချမှတ်အကောင်အထည် ဖော်ခြင်းနှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်ငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲ ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြား သုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ မြင့်မားမှုမရှိစေရန်နှင့်ငွေလဲလှယ်နှုန်းများ အကြားကွာဟချက် လျော့နည်းစေရန်တို့ အတွက် အရောင်း (သို့မဟုတ်) အဝယ် တစ်မျိုးတည်းကိုသာ ဆောင်ရွက်သည့် စည်းမျဉ်းအခြေခံ နိုင်ငံခြားသုံးငွေဈေးပြိုင် လေလံမှတစ်ဆင့်ဈေးကွက်အားလိုအပ်သလို ထိန်းကျောင်း ဆောင်ရွက်ပေးပါသည်။
- ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းအား ပြောင်းလွယ်ပြင်လွယ်ငွေလဲလှယ်နှုန်းဖြစ် စေရန်နှင့် ဈေးကွက်ကို ပိုမိုထင်ဟပ်နိုင် စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ် ခြင်းကို နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံအပေါ် အခြေခံသတ်မှတ်သည့်စနစ်မှ ဈေးကွက် အခြေခံသတ်မှတ်သည့်စနစ်သို့ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိက မောင်းနှင်အားဖြစ်သော ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒများ ချမှတ်ရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့သည် ပေါင်းစပ်ညှိနှိုင်းလျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒချမှတ် အကောင်အထည် ဖော်မှုအဆင့်ဆင့်အား လုပ်ငန်းစဉ်ပြပုံ ဖြင့်ဖော်ပြအပ်ပါသည်။

# ငွေကြေးမူဝါဒချမှတ်အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းစဉ်ပြပုံ

**မေခရိုစီးပွားရေးအချက်အလက်များ**

- ◆ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု
- ◆ ငွေကြေးဖောင်းပွမှု
- ◆ စုစုပေါင်းငွေကြေးပမာဏတိုးတက်မှု
- ◆ စီးပွားရေးစနစ်ရှိငွေကြေးအခြေအနေ
- ◆ နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေ
- ◆ ငွေလဲလှယ်နှုန်းအခြေအနေ

**မူဝါဒဆုံးဖြတ်ချက်**

◆မေခရိုစီးပွားရေးနှင့်ဈေးကွက်အချက်အလက်များအရဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်

⇨

**မူဝါဒနည်းလမ်းများ**

◆အတိုးနှုန်းမူဝါဒ

◆လျှော့နှုန်းနှင့်တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း

◆အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း

◆လွှတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များ

⇨

**လုပ်ငန်းဆိုင်ရာရည်မှန်းချက်**

◆သီးသန့်ငွေကြေးပမာဏ

⇨

**ကြားခံရည်မှန်းချက်**

◆စုစုပေါင်းငွေကြေးပမာဏ

⇨

**ဦးတည်ချက်**

◆ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိန်းသိမ်းရေး



## ငွေကြေးမူဝါဒနည်းလမ်းများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒနည်းလမ်းများမှာ အတိုးနှုန်း မူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်းနှင့် လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင် ချက်များ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

## အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်းမူဝါဒချမှတ်ရာတွင် ငွေကြေး ဖောင်းပွမှုနှုန်းမျှော်မှန်းချက်အရ နိုင်ငံတော်၏ စီးပွားရေးကိုအထောက်အကူဖြစ်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို အားပေး နိုင်စေရန်နှင့်စုဆောင်းသူများအားဆွဲဆောင် နိုင်သည့်အတိုးနှုန်းဖြစ်စေရန်အတွက်ချိန်ဆ သတ်မှတ်ပေးပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ တော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အတိုး နှုန်းများအား (၁၆-၃-၂၀၂၀)ရက်နေ့မှစ၍ ၀.၅ ရာခိုင်နှုန်း၊ (၁-၄-၂၀၂၀) ရက်နေ့မှစ၍ ၁.၀ ရာခိုင်နှုန်း၊ (၁-၅-၂၀၂၀) ရက်နေ့မှစ၍ ၁.၅ ရာခိုင်နှုန်း အသီးသီး လျှော့ချ သတ်မှတ်ပေးခဲ့ရာ (၃) ကြိမ်တွင် စုစုပေါင်း ၃ ရာခိုင်နှုန်း လျှော့ချ သတ်မှတ်ပေး ခဲ့ပါသည်။ သို့ဖြစ်ရာ (၁-၅-၂၀၂၀) ရက်နေ့ မှစ၍ ဗဟိုဘဏ်အတိုးနှုန်း ကို ၇ ရာခိုင်နှုန်း၊ ဘဏ်များမှ အပ်နှံငွေ ပေါ်တွင်ပေးရမည့် အနိမ့်ဆုံးအတိုးနှုန်း ၅ ရာခိုင်နှုန်း၊ အာမခံ ဖြင့်ချေးငွေများအတွက် ၁၀ ရာခိုင်နှုန်းနှင့် အာမခံမဲ့ချေးငွေများအတွက် ၁၄.၅ ရာခိုင် နှုန်း သတ်မှတ်ထားရှိခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်လျှော့နှုန်းနှင့် ဘဏ်နှင့်ဆက်သွယ် သူများအတွက် အပ်ငွေနှင့်ချေးငွေ အတိုး နှုန်းများကို သတ်မှတ်ပေးလျက်ရှိသော်လည်း အပ်ငွေလေလံအတိုးနှုန်း၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ ဈေးပြိုင်စနစ် အတိုးနှုန်း၊ နိုင်ငံခြားငွေကြေးဖြင့် ထားရှိ သည့် အပ်နှံငွေအပေါ်အတိုးနှုန်းနှင့် ဘဏ် အချင်းချင်းဈေးကွက် အတိုးနှုန်းတို့အား ဈေးကွက်အခြေခံ၍ သတ်မှတ်ခြင်းဖြင့် ဖြေ လျှော့မှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀

ဘဏ္ဍာရေးနှစ်အတွင်းဖြစ်ပေါ်ခဲ့သောအတိုးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အတိုးနှုန်းများ(%)** | | |
|---|---|---|
| ဗဟိုဘဏ်အတိုးနှုန်း | | ၇ |
| **အပ်ငွေအပေါ်အတိုးနှုန်း** | | ၅ |
| **ချေးငွေပေါ်အတိုးနှုန်း** | | |
| စီးပွားရေးလုပ်ငန်း ချေးငွေ | အာမခံဖြင့် ချေးငွေ | ၁၀ |
| | အာမခံမဲ့ ချေးငွေ | ၁၄.၅ |
| အပ်ငွေလေလံ (ပျမ်းမျှအတိုးနှုန်း) | ၁၄ ရက် | ၆.၆၈ |
| | ၂၈ ရက် | ၆.၉၅ |
| ငွေတိုက်လက်မှတ် လေလံ (ပျမ်းမျှလျှော့နှုန်း) | (၃)လ | ၇.၅၈ |
| | (၆)လ | ၈.၂၆ |
| | (၁၂)လ | ၈.၅၈ |
| ငွေတိုက်စာချုပ် လေလံ (ပျမ်းမျှအတိုးနှုန်း) | ၂-၃ နှစ် | ၈.၄၆ |
| | ၃-၄ နှစ် | ၉.၉၁ |
| | ၄-၅ နှစ် | ၉.၂၉ |
| စိုက်ပျိုးရေးအထူးချေးငွေ | | ၁၀ |
| ဘဏ်အချင်းချင်း ချေးကွက် (ပျမ်းမျှအတိုးနှုန်း) | O/N | ၃.၆၅ |
| | ၁ပတ် | ၄.၇၂ |
| | ၂ပတ် | ၅.၆၄ |
| | ၁လ | ၆.၉၂ |
| အသေးစားချေးငွေ | | ၂၈ |

ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း**

သီးသန့်ငွေအချိုး တိုးမြှင့်သတ်မှတ်ခြင်းဖြင့်ဘဏ်များက ထုတ်ချေးနိုင်သည့်ချေးငွေပမာဏလျော့နည်းစေနိုင်ပြီး၊ ထို့မှတစ်ဆင့် စီးပွားရေးစနစ်ရှိငွေကြေးပမာဏကိုလျော့နည်းစေနိုင်မည်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ယင်းအချိုးကို လျှော့ချသတ်မှတ်ခြင်းဖြင့် ဘဏ်များကထုတ်ချေးနိုင်သည့် ချေးငွေပမာဏကိုတိုးမြှင့်စေပြီး၊ စီးပွားရေးစနစ်ရှိငွေကြေးပမာဏကိုတိုးမြှင့်စေပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်အဖြစ် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေနှစ်မျိုးလုံးအတွက်အများပြည်သူအပ်နှံငွေ စုစုပေါင်း၏ ၅ ရာခိုင်နှုန်းစီအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်နှံငွေတစ်မျိုးတည်းဖြင့် သာထားရှိရန်သတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် လတ်တလော ဖြစ်ပေါ်နေသော COVID -19 ကပ်ရောဂါဖြစ်ပေါ်သည့်ကာလအတွင်းဘဏ်လုပ်ငန်းကဏ္ဍတွင် ငွေကြေးလုံလောက်မှုရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်လည်ပတ်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

သည် (၁-၄-၂၀၂၀~၂၈-၄-၂၀၂၀) ထိန်းသိမ်းမှုကာလမှစ၍ မြန်မာကျပ်ငွေဖြင့် သီးသန့်ငွေလိုအပ်ချက်အချိုးအား ၅ ရာခိုင်နှုန်းမှ ၃.၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့ပါသည်။ အဆိုပါ လျှော့ချသတ်မှတ်မှုကာလအား(၃၀-၉-၂၀၂၁)ရက်နေ့အထိ ဆက်လက်ထားရှိမည်ဖြစ်ပါသည်။

အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် လျှော့နည်းခြင်းအတွက် ဒဏ်ကြေးသတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ညွှန်ကြားချက်အရ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက် လိုက်နာမှု မရှိသည့် ဘဏ်သည် ပထမအကြိမ် ပျက်ကွက်မှုအတွက် အမြင့်ဆုံးပေးဆောင်ရမည့် ဒဏ်ကြေး၏ ၆၀%၊ ဒုတိယအကြိမ်အတွက် ၈၀% နှင့် တတိယအကြိမ်နှင့်အထက်အတွက် ၁၀၀% ပေးဆောင်ရမည်ဖြစ်ပါသည်။

**လွတ်လပ်သော ဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏ ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှု အခြေအနေအရ စီးပွားရေးစနစ်မှငွေကြေးထုတ်နုတ်နိုင်ရန်အပ်ငွေလေလံခေါ်ယူ၍လည်းကောင်း၊ စီးပွားရေးစနစ်သို့ ငွေကြေးဖြည့်သွင်းနိုင်ရန် ချေးငွေလေလံခေါ်ယူ၍လည်းကောင်း၊ ငွေကြေးပမာဏကို လိုအပ်သလို ထိန်းညှိဆောင်ရွက်ပေးလျက်ရှိပါသည်။၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်မှ ပိုလျှံငွေကြေးများကိုထုတ်နုတ်ရန်အတွက် အပ်ငွေလေလံ (၁၂) ကြိမ်ခေါ်ယူ ဆောင်ရွက်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုကို လျော့ပါးစေရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးလုံလောက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၆) ရက်နေ့မှစ၍ အပ်ငွေလေလံခေါ်ယူမှုအား ယာယီရပ်ဆိုင်းခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဈေးကွက် ဖွံ့ဖြိုးလာသည်နှင့်အမျှ အပ်ငွေ/ချေးငွေဈေးပြိုင်ခေါ်ယူခြင်း နည်းလမ်းများအပြင် အခြားသွယ်ဝိုက် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အစိုးရငွေချေး

သက်သေခံလက်မှတ်များအား ဈေးကွက်တွင် ရောင်း/ဝယ်ခြင်း (Outright Sale/ Purchase)၊ အစိုးရငွေချေးသက်သေခံလက်မှတ်များအသုံးပြု၍ ငွေကြေးဈေးကွက်၌ ကာလတိုငွေချေးငှားမှု လုပ်ဆောင်ချက် (Repo Operation)နှင့်ဗဟိုဘဏ်မှ ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေခြင်း တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# အခန်း(၃)

# စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေတင်ပြချက်

## စီးပွားရေးတိုးတက်မှုအခြေအနေ

COVID-19 ကပ်ရောဂါ၏သက်ရောက်မှုများကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စီးပွားရေးတိုးတက်မှုမှာ မူလလျာထားချက်အောက်များစွာ လျော့နည်းခဲ့ပါသည်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ ခန့်မှန်းခြေကိန်းဂဏန်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၃.၂ ရာခိုင်နှုန်းဖြစ်ပြီး ယခင် ဘဏ္ဍာရေးနှစ်၏ စီးပွားရေးတိုးတက်မှု နှုန်း ၆.၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက သိသာစွာလျော့နည်းကျဆင်းခဲ့ပါသည်။ စီးပွားရေးတိုးတက်မှုတွင် စက်မှုကဏ္ဍ၏ တိုးတက်မှုသည် ၄ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍ၏ တိုးတက်မှုသည် ၃ ရာခိုင်နှုန်းနှင့် လယ်ယာကဏ္ဍ၏ တိုးတက်မှုသည် ၂ ရာခိုင်နှုန်းဖြင့် အနည်းဆုံး ဖြစ်ပါသည်။ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတွင် သိသာစွာကျဆင်းခဲ့ပါသည်။

COVID-19 ကပ်ရောဂါ၏သက်ရောက်မှုကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လတာကာလ၏ စီးပွားရေးလုပ်ဆောင်ချက်များအပေါ် များစွာထိခိုက်ခဲ့ရာ ဒုတိယနှစ်ဝက်ကာလ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ (-)၁.၇ရာခိုင်နှုန်းသာရှိခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လတာကာလအတွင်း စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍ ၂၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ ၃၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ ၄၅ ရာခိုင်နှုန်း အသီးသီးပါဝင်ပြီး ဘဏ္ဍာရေးနှစ်တစ်ခုလုံးအတွက် လယ်ယာကဏ္ဍ ၂၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ ၃၆ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ ၄၂ ရာခိုင်နှုန်းဖြစ်ပါသည်။ (ပုံ-၁)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လတာကာလအတွင်း စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးမှာ ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းထောင်ပေါင်း ၃၁,၉၀၃

ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းထောင်ပေါင်း ၉၁,၉၇၇ ရှိပြီး (၁)နှစ် ပျမ်းမျှတစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်ထောင်ပေါင်း ၂,၀၆၆ ဖြစ်ပါသည်။ (ပုံ-၂)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၂၀ပြည့်နှစ်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ စီးပွားရေး တိုးတက်မှုနှုန်းအား ပုံ(၃)ဖြင့် ဖော်ပြအပ်ပါသည်။




ဇာစ်မြစ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းတွက်ချက်မှုအရ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ လာအို၊ ကမ္ဘောဒီးယား နှင့် ဗီယက်နမ်နိုင်ငံတို့ထက်မြင့်မားကြောင်းတွေ့ရှိရပါသည်။

## ငွေကြေးဖောင်းပွမှုအခြေအနေ

၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလကုန်ရှိ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းတို့သည် ယခင်နှစ်အလားတူကာလအောက် သိသာစွာကျဆင်းခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လောင်စာဆီဈေးနှုန်းနှင့် နိုင်ငံခြား

ငွေလဲလှယ်နှုန်းများ ကျဆင်းခြင်း၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှစ၍ လျှပ်စစ်မီတာခများ တိုးမြှင့်ခဲ့ခြင်း၏ အကျိုးသက်ရောက်မှုပပျောက်ခြင်း နှင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင်ဖြစ်ပေါ်ခဲ့သော COVID-19 ကပ်ရောဂါပထမလှိုင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လကုန်တို့တွင် ဖြစ်ပေါ်ခဲ့သော ရောဂါဒုတိယလှိုင်း တို့ကြောင့် စားသုံးမှုအပါအဝင် အသုံးစရိတ်သုံးစွဲမှု လျော့နည်းလာခြင်းတို့ကြောင့်ငွေကြေးဖောင်းပွမှုနှုန်းများသိသာစွာကျဆင်းခဲ့ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့၏ ၂၀၁၂ ခုနှစ်အား အခြေခံနှစ်အဖြစ်တွက်ချက်ထားသည့် စားသုံးသူဈေးဆနှုန်းကိန်းအရ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၅.၈၁ ရာခိုင်နှုန်းနှင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂.၀၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများမပါဝင်ဘဲ တွက်ချက်ထားသော Core CPI အရ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၁.၂၃ ရာခိုင်နှုန်းနှင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၇၄ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ဇယား(၁)(ပုံ-၄)




ဇာစ်မြစ် ။ ဗဟိုစာရင်းအင်းအဖွဲ့

တစ်နိုင်ငံလုံး၏ အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းကိန်းအရ အစားအစာအုပ်စုအတွက်နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလတွင် ၂.၂၆ ရာခိုင်နှုန်းရှိပြီး၊ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလတွင် ၈.၇၇ ရာခိုင်နှုန်း ရှိခဲ့သဖြင့် အစားအစာအုပ်စု၏ ဈေးနှုန်းများပြောင်းလဲမှုမှာ သိသာစွာကျဆင်းခဲ့ပါသည်။

အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်းကိန်းမှာ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းအရ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလတွင် ၁.၆၄ ရာခိုင်နှုန်းရှိပြီး၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၁၀.၈၀ ရာခိုင်နှုန်း

ရှိခဲ့သဖြင့် အစားအစာ မဟုတ်သောအုပ်စု၏ ဈေးနှုန်းများပြောင်းလဲမှုမှာလည်းသိသာစွာ ကျဆင်းခဲ့ပါသည်။ (ပုံ-၅)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အဓိက အုပ်စုများ၏ နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်းများမှာ ဆေးလိပ်နှင့် အဖျော်ယမကာ ၃.၈၀ ရာခိုင်နှုန်း၊ အဝတ်အထည် ၂.၁၉ ရာခိုင်နှုန်း၊ အိမ်လခနှင့်အိမ်ပြင်ခ ၁.၇၀ ရာခိုင်နှုန်း၊ အိမ်အသုံးအဆောင် ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ၃.၁၃ ရာခိုင်နှုန်း၊ ကျန်းမာရေး ၅.၁၁ ရာခိုင်နှုန်း၊ သယ်ယူပို့ ဆောင်ရေး (-)၅.၇၁ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး (-)၀.၂၁ ရာခိုင်နှုန်း၊ အပန်း ဖြေခြင်းနှင့် ယဉ်ကျေးမှု ၁.၆၂ ရာခိုင်နှုန်း၊ ပညာရေး ၁.၀၅ ရာခိုင်နှုန်း၊ ပြင်ပအစား အသောက် ၈.၀၇ ရာခိုင်နှုန်းနှင့် အထွေထွေ ကုန်ပစ္စည်း ၅.၁၀ ရာခိုင်နှုန်း ရှိသဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်လျှင် ဆက်သွယ်ရေးနှင့် ပြင်ပအစားအသောက် မှ လွဲ၍အခြားကုန်စည်အုပ်စုအများစု၏ဈေးနှုန်း များမှာ ကျဆင်းခဲ့ပါသည်။ ဇယား(၂)

ငွေကြေးဖောင်းပွမှုနှုန်းအမြင့်ဆုံး ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး ၃ မြို့၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင် ဘာလကုန်ရှိနှစ်အလိုက်ငွေကြေး ဖောင်းပွမှု နှုန်းမှာ ပြည်ထောင်စုနယ်မြေတွင် ၅.၅၃ ရာခိုင်နှုန်းဖြင့် ပထမအမြင့်ဆုံး၊ ဧရာဝတီ တိုင်းဒေသကြီးတွင် ၅.၃၈ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံး၊ ရန်ကုန်မြို့တွင် ၄.၅၃ ရာခိုင်နှုန်းဖြင့် တတိယအမြင့်ဆုံး အသီးသီး ရှိခဲ့ပါသည်။ ဇယား(၃)




ဇာစ်မြစ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

မြန်မာနိုင်ငံ၏ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည်၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလတွင် ၅.၈၁ ရာခိုင်နှုန်းရှိပြီး၊အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှအပ ကျန်အိမ်နီးချင်း နိုင်ငံများထက် မြင့်မားကြောင်း တွေ့ရပါသည်။(ပုံ-၆)

ငွေကြေးဖောင်းပွမှုအားသင့်တင့်မျှတသည့် အနေအထားတွင်ရှိစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ငွေကြေးမူဝါဒနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဘဏ္ဍာရေးမူဝါဒ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးမူဝါဒတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ္ဍာရေးအခြေအနေ**

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရငွေနှင့် ဂျီဒီပီ အချိုးမှာ ၂၄ ရာခိုင်နှုန်း၊ သုံးငွေနှင့် ဂျီဒီပီ အချိုးမှာ ၃၀ ရာခိုင်နှုန်းနှင့် ဘတ်ဂျက် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၆.၁ ရာခိုင်နှုန်းဖြစ်ပါသည်။ (ပုံ-၇)

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးငွေသည် ရငွေထက် ပိုမိုခဲ့သဖြင့် အစိုးရ၏ ဘဏ္ဍာငွေအရအသုံး စာရင်းတွင် လိုငွေဖြစ်ပေါ်ခဲ့ပါသည်။




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရလိုငွေဖြည့်ဆည်းရန်အတွက် ငွေတိုက်စာချုပ် ကျပ်သန်းထောင်ပေါင်း ၂,၇၈၆.၇၃ နှင့် ငွေတိုက်လက်မှတ် ကျပ်သန်းထောင်ပေါင်း ၂,၁၃၈.၆၀ တို့အား ဈေးပြိုင်စနစ်ဖြင့် အသားတင်ရောင်းချခဲ့ပါသည်။

**ကုန်သွယ်မှုအခြေအနေ**

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၏ ပို့ကုန်သွင်းကုန်ကိန်းဂဏန်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပို့ကုန်တင်ပို့မှုထက် သွင်းကုန်တင်သွင်းမှုက ပိုမိုများသောကြောင့်ကုန်သွယ်မှု လိုငွေ အမေရိကန်ဒေါ်လာ ၁,၃၇၄ သန်း ဖြစ်ပေါ်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလ၏ ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၁,၀၂၆ သန်းနှင့် နှိုင်းယှဉ်ပါက လိုငွေဖြစ်ပေါ်မှု အမေရိကန်ဒေါ်လာ ၃၄၈ သန်း ပိုမိုမြင့်မားခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇,၆၆၃ သန်း ဖြစ်ပြီး၊ ယခင်နှစ် အလားတူ ကာလတွင် အမေရိကန်ဒေါ်လာ ၁၇,၀၆၀ သန်းဖြစ်၍ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၃ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ပို့ကုန်တန်ဖိုးတွင်ကဏ္ဍအလိုက် ပါဝင်မှုမှာ သား၊ ငါးပို့ကုန် ၅ ရာခိုင်နှုန်း၊ သစ်တောထွက်ကုန် ၁ ရာခိုင်နှုန်း၊ လယ်ယာထွက်ကုန်ပစ္စည်း ၂၁ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ၁၁ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း ၄၈ ရာခိုင်နှုန်းနှင့် အခြားထုတ်ကုန် ၁၄ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါကသတ္တုနှင့် တွင်းထွက်ပစ္စည်း ၂၇ ရာခိုင်နှုန်း၊ လယ်ယာထွက်ကုန်ပစ္စည်း ၁၅ ရာခိုင်နှုန်းနှင့် အခြားထုတ်ကုန် ၁၉ ရာခိုင် နှုန်းအသီးသီးတိုးတက်ခဲ့သော်လည်း သား၊ငါး ပို့ကုန် ၁၂ ရာခိုင်နှုန်း ၊ သစ်တောထွက်ကုန် ၁၄ ရာခိုင်နှုန်း နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း ၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ပါသည်။




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉,၀၃၇ သန်းဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလ၏ စုစုပေါင်း သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈,၀၈၇ သန်းနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၉၅၀ သန်း ပိုမိုမြင့်မားခဲ့ပါသည်။ (ပုံ-၈)

သွင်းကုန်အခြေအနေအား စိစစ်ရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်ရင်းနှီးကုန်စည်များ (Capital Goods)နှင့်ကြားခံကုန်စည်များ (Intermediate Goods)ကို တင်သွင်းမှုများပြားခဲ့ပြီး၊ စုစုပေါင်းသွင်းကုန်၏ ၃၅ ရာခိုင်နှုန်းနှင့် ၃၉ ရာခိုင်နှုန်း အသီးသီးရှိပါသည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ရင်းနှီးကုန်စည်တင်သွင်းမှု ၂၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ကြားခံကုန်စည် နှင့်စားသုံးကုန်စည်တင်သွင်းမှုမှာ၃ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။ ဇယား(၄)

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံမှအများဆုံးပို့ကုန်တင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံ တို့ဖြစ်ပြီး၊ အများဆုံး သွင်းကုန်တင်သွင်းသည့် နိုင်ငံများမှာ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် စုစုပေါင်းကုန်သွယ်မှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့် စင်ကာပူ နိုင်ငံတို့ ဖြစ်ပါသည်။(ပုံ-၉)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ

နိုင်ငံခြားငွေပေးငွေယူစာရင်းအရ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ကုန်သွယ်မှုအတွက် အသားတင်စီးထွက်ငွေ အမေရိကန်ဒေါ်လာ ၄,၂၀၃.၆ သန်း၊ ဝန်ဆောင်မှုအတွက် အသားတင်စီးဝင်ငွေ အမေရိကန်ဒေါ်လာ ၁,၃၃၉.၅ သန်းနှင့် အသားတင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၀၀.၇ သန်း ရှိပါသည်။

သို့ဖြစ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နိုင်ငံခြားငွေပေးငွေယူစာရင်း၊ သာမန်စာရင်းတွင် လိုငွေအမေရိကန်ဒေါ်လာ ၂,၀၆၃.၃ သန်း ပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါ ကာလအတွင်း အသားတင်ဝန်ဆောင်မှုနှင့် အသားတင်ဝင်ငွေတို့တွင် ပိုငွေပေါ်ပေါက်ခဲ့သော်လည်း ကုန်သွယ်မှု လိုငွေမြင့်မားခဲ့ခြင်းကြောင့် သာမန်စာရင်းတွင် လိုငွေ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော်နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသိသာစွာများပြားဝင်ရောက်ခဲ့သဖြင့် ယခင်ဘဏ္ဍာရေးနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း အခြေအနေမှာ ပိုမိုကောင်းမွန်ခဲ့ပြီး စုစုပေါင်းပိုငွေ အမေရိကန်ဒေါ်လာ ၁,၂၁၃.၆ သန်း ရှိခဲ့ပါသည်။

## နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေအခြေအနေ

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလတွင် စုစုပေါင်း နိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁.၀၇ ဘီလီယံရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၆.၇၇ ဘီလီယံရှိပါသည်။

၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလကုန်တွင် စုစုပေါင်း နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၇.၂ လစာပမာဏနှင့် ဗဟိုဘဏ်ရှိ နိုင်ငံပိုင် နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၄ လစာပမာဏရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေမှာသွင်းကုန်၏ ၇.၅ လစာပမာဏ နှင့် ဗဟိုဘဏ်ရှိ နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၄.၇ လစာပမာဏ ရှိပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်တွင် နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေ

လဲလှယ်နှုန်းအတက်အကျ မြင့်မားခြင်းအား ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံခြားသုံးငွေ ဈေးပြိုင်လေလံမှတဆင့်ပုဂ္ဂလိကဘဏ်များ သို့ အမေရိကန်ဒေါ်လာရောင်းဝယ်ပေးခြင်း ဖြင့်ဈေးကွက်အား လိုအပ်သလိုထိန်းကျောင်း ဆောင်ရွက်လျက် ရှိပါသည်။ ဇယား(၅)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရည်ညွှန်းငွေလဲလှယ်နှုန်းအား ဈေးကွက်ကို ပိုမိုထင်ဟပ်စေရန်နှင့် ပြောင်းလွယ်ပြင်လွယ် ငွေလဲလှယ်နှုန်းဖြစ်စေရန်အတွက်ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းအား နိုင်ငံခြားငွေဈေးပြိုင်လေလံကို အခြေခံ သတ်မှတ်ရာမှ ဈေးကွက်အခြေခံငွေလဲလှယ် နှုန်းစနစ်သို့ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ပြောင်းလဲကျင့်သုံးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/အကျ ကြီးမားခြင်းကို လျှော့နည်း စေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေ ဖြည့်တင်းရန် ရည်ရွယ်၍ (၁၈-၁၁-၂၀၁၉) ရက်နေ့မှစ၍ Two-Way FX Auction အားရပ်ဆိုင်း၍ အရောင်း (သို့မဟုတ်) အဝယ်တစ်မျိုးတည်းကိုသာ ဆောင်ရွက်သည့် စည်းမျဉ်းအခြေခံ One-Way FX Auction ကို စတင်ဆောင်ရွက်ခဲ့ ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အနိမ့် ဆုံး ၁,၃၀၈ ကျပ် နှင့် အမြင့်ဆုံး ၁,၅၃၅ ကျပ် ရှိခဲ့ပြီး၊ ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၁,၄၂၆ ကျပ်ရှိခဲ့ပါသည်။ ရည်ညွှန်းငွေလဲလှယ်နှုန်း အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေတန်ဖိုး ၁၅ ရာခိုင်နှုန်း မြင့် တက်ခဲ့ပါသည်။

ပုံ (၁၀) နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်မှရောင်း/ဝယ်မှု အခြေအနေ




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြား ငွေဈေးပြိုင်လေလံမှတစ်ဆင့် ဘဏ်များသို့

ရောင်းချမှုအမေရိကန်ဒေါ်လာ ၂.၇ သန်းနှင့် ဘဏ်များထံမှဝယ်ယူမှုအမေရိကန်ဒေါ်လာ ၃၂၀.၁ သန်းရှိခဲ့သဖြင့် အသားတင်ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၃၁၈.၄ သန်း ရှိခဲ့ပါသည်။ (ပုံ-၁၁)

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လတာကာလအတွင်း ဘဏ်အချင်းချင်းနိုင်ငံခြားငွေဈေးကွက်မှတစ်ဆင့် ဘဏ်များသည် ဘဏ်နှင့် ဆက်သွယ်သူများထံမှ စုစုပေါင်း ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၃,၀၀၁.၅၅ သန်းနှင့် စုစုပေါင်းရောင်းချမှု အမေရိကန်ဒေါ်လာ ၄,၁၄၆.၉၉ သန်းရှိခဲ့ပြီး၊ ဘဏ်အချင်းချင်း စုစုပေါင်း ရောင်းချ /ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၂,၁၁၈.၃၂ သန်းရှိခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားသုံးငွေဈေးပြိုင်နှင့်ဘဏ်အချင်းချင်း နိုင်ငံခြားငွေဈေးကွက်တို့မှတစ်ဆင့်ဘဏ်များ၏ စုစုပေါင်းဝယ်ယူမှု အမေရိကန်ဒေါ်လာ ၉,၉၈၂.၅ သန်းနှင့် စုစုပေါင်းရောင်းချမှု အမေရိကန်ဒေါ်လာ ၁၂,၄၃၇.၄၁ သန်းရှိခဲ့ပါ သည်။ (ပုံ-၁၁)




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ ကွာဟချက်မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလဆန်းပိုင်း နေ့ရက်အချို့တွင် အမြင့်ဆုံး ၂ရာခိုင်နှုန်းခန့်ရှိခဲ့

သော်လည်း အများအားဖြင့် ၁ ရာခိုင်နှုန်း အတွင်းရှိခဲ့ပါသည်။ (ပုံ-၁၂)

ထို့ပြင်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏နေ့စဉ်ပြောင်းလဲမှုနှုန်းမှာ ၂၀၂၀ပြည့်နှစ် မတ်လနှင့် ဧပြီလအတွင်း နေ့ရက်အချို့တွင် အမြင့်ဆုံး ၃ရာခိုင်နှုန်းကျော်ရှိခဲ့သော်လည်း အများအားဖြင့် ၀.၅ ရာခိုင်နှုန်းအတွင်းရှိခဲ့ပါသည်။(ပုံ-၁၃)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေတန်ဖိုး ၁၅ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့သည့်နည်းတူ ယူရို ၆.၆ ရာခိုင်နှုန်း၊ တရုတ်ယွမ် ၄.၆ ရာခိုင်နှုန်း၊ ပေါင်စတာလင် ၃.၈ ရာခိုင်နှုန်း၊ ကိုရီးယားဝမ် ၂.၄ ရာခိုင်နှုန်း၊ ဂျပန်ယန်း ၂.၁ ရာခိုင်နှုန်း၊ စင်ကာပူဒေါ်လာ ၀.၉ ရာခိုင်နှုန်းနှင့် မလေးရှားရင်းဂစ် ၀.၈ ရာခိုင်နှုန်း အသီးသီး တန်ဖိုးမြင့်တက်ခဲ့ပြီး၊ ထိုင်းဘတ် ၃.၅ ရာခိုင်နှုန်း၊ အိန္ဒိယရူပီး ၄.၃ ရာခိုင်နှုန်း အသီးသီးတန်ဖိုးကျဆင်းခဲ့ပါသည်။ (ပုံ-၁၄)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေတန်ဖိုးသည်ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate–NEER) အရ ၁၄ ရာခိုင်နှုန်းနှင့် ထိရောက်သောအမှန်ငွေလဲ

လှယ်နှုန်း(Real Effective Exchange Rate–REER) အရ ၁၅ ရာခိုင်နှုန်းအသီးသီး တန်ဖိုး မြင့်တက်ခဲ့ပါသည်။

ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်းအရ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်ခဲ့သဖြင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ ကျဆင်းမှုရှိကြောင်းတွေ့ရှိရပြီး၊ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ကုန်သွယ်ဖက်နိုင်ငံများ၏ငွေကြေးဖောင်းပွမှုနှုန်းထက် မြင့်မားသဖြင့် ထိရောက်သောအမှန်ငွေလဲလှယ်နှုန်းအရ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ အနည်းငယ်ပိုမိုကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။(ပုံ-၁၅)၊ ဇယား(၆)




ဓာတ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ငွေကြေးပမာဏအခြေအနေ**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် နှစ်အလိုက် စုစုပေါင်းငွေကြေးပမာဏ (M2) တိုးတက်မှု ရည်မှန်းချက်အား ၁၆ ရာခိုင်နှုန်း ထားရှိခဲ့ပါသည်။ စုစုပေါင်းငွေကြေးပမာဏမှာ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၆၂,၈၈၃ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၇၂,၃၁၉ ရှိခဲ့သဖြင့် ယခင်နှစ်ကထက် ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စုစုပေါင်းငွေကြေးပမာဏမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ဂျီဒီပီ၏ ၆၄ ရာခိုင်နှုန်း ရှိခဲ့ပါသည်။




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် လည့်လည်သုံးစွဲငွေပမာဏ (ဘဏ်များပြင်ပရှိငွေ)မှာ ကျပ်သန်းထောင်ပေါင်း ၁၅,၄၅၃ ရှိခဲ့သဖြင့် စုစုပေါင်းငွေကြေး

ပမာဏ၏ ၂၁ ရာခိုင်နှုန်း နှင့် စုဆောင်းမှု အပ်ငွေအပါအဝင် ဘဏ်အပ်နှံငွေစုစုပေါင်းမှာ ကျပ်သန်းထောင်ပေါင်း ၅၆,၈၆၆ ရှိခဲ့သဖြင့် စုစုပေါင်းငွေကြေးပမာဏ၏ ၇၉ ရာခိုင်နှုန်းရှိပါသည်။ လှည့်လည်သုံးစွဲငွေ ပမာဏနှင့် ဘဏ်အပ်နှံငွေစုစုပေါင်းသည် ယခင်နှစ် အလားတူ ကာလကထက် ၁၈ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်းစီ အသီးသီး တိုးတက်ခဲ့ပါသည်။ ဘဏ်အပ်နှံငွေ စုစုပေါင်းတွင် ဘဏ်စာရင်းရှင်အပ်ငွေမှာ ကျပ်သန်းထောင်ပေါင်း ၆,၉၅၅ နှင့် စုဆောင်းမှု အပ်ငွေမှာ ကျပ်သန်းထောင် ပေါင်း ၄၉,၉၁၂ အသီးသီး ရှိခဲ့ပါသည်။(ပုံ-၁၆)

စုစုပေါင်းငွေကြေးပမာဏကိုပြောင်းလဲစေသည့်အချက်များ (Factors Effecting Broad Money) မှာ အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ၊ အစိုးရကဏ္ဍသို့ချေးငွေများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍများသို့ ချေးငွေများနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ အသားတင်ပေးရန်တာဝန်များဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်ရှိ စုစုပေါင်းငွေကြေးပမာဏတွင် အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်မှာ ၁၆ ရာခိုင်နှုန်း၊ အစိုးရကဏ္ဍသို့ ချေးငွေမှာ ၃၇ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍများသို့ ချေးငွေမှာ ၄၅ ရာခိုင်နှုန်းဖြင့် အသီးသီး ပါဝင်လျက်ရှိရာ စုစုပေါင်းငွေကြေးပမာဏတွင်ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍများသို့ ချေးငွေပါဝင်မှုမှာ အများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။



ပုံ(၁၇)စုစုပေါင်းငွေကြေးပမာဏကိုပြောင်းလဲစေသည့်အချက်များ

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်မှာ ကျပ်သန်းထောင်ပေါင်း ၁၁,၃၅၃ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ကျပ်သန်းထောင်ပေါင်း ၁၁,၂၉၆ ရှိသဖြင့် ၀.၅ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ပါသည်။ အစိုးရကဏ္ဍသို့ ချေးငွေများမှာ ၂၀၁၉ ခုနှစ်၊

စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင် ပေါင်း ၂၂,၁၆၇ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင် ပေါင်း၂၆,၈၆၇ ရှိသဖြင့် ယခင်နှစ်အလားတူ ကာလထက် ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။ ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍများသို့ ချေးငွေမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ကုန်တွင် ကျပ်သန်းထောင်ပေါင်း ၂၉,၅၉၄ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန် တွင် ကျပ်သန်းထောင်ပေါင်း ၃၂,၃၂၅ ရှိသဖြင့် ယခင်နှစ်ထက် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။ (ပုံ-၁၇)၊ ဇယား(၇)

၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလကုန်တွင် ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ကဏ္ဍအလိုက် ချေးငွေထုတ်ချေးမှုမှာ ကုန်သွယ်မှုအတွက် ၂၆ ရာခိုင်နှုန်းဖြင့် အများဆုံး၊ ဝန်ဆောင်မှု လုပ်ငန်းများအတွက် ၁၈ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး၊ ဆောက်လုပ်ရေးလုပ်ငန်း များအတွက် ၁၆ ရာခိုင်နှုန်းဖြင့် တတိယ အများဆုံးဖြစ်ပြီး၊ လယ်ယာ၊ သား၊ ငါး လုပ်ငန်းများအတွက် ၉ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ၁၀ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အတွက် ၂ ရာခိုင်နှုန်း နှင့် အထွေထွေလုပ်ငန်း များအတွက် ၁၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

**ဘဏ်အချင်းချင်းငွေကြေးဈေးကွက် ဆောင်ရွက်မှုအခြေအနေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘဏ်၏ငွေဖြစ် လွယ်မှုစီမံခန့်ခွဲခြင်းကို အထောက်အကူ ဖြစ်စေရန်ရည်ရွယ်၍သက်တမ်း(၁)နှစ်ထက် မပိုသည့် ငွေထုတ်ပေးခြင်းနှင့်ငွေလက်ခံ ခြင်းများကို ဆောင်ရွက်နိုင်သည့် ဘဏ် အချင်းချင်းငွေကြေးဈေးကွက်လုပ်ဆောင်ချက် များအား ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ ဘဏ်များအကြား အစိုးရငွေချေးသက်သေခံ လက်မှတ်များ နှစ်ဦးနှစ်ဖက်ပြန်လည်ဝယ်ယူ ရန် သဘောတူညီချက်အရ လုပ်ဆောင်ချက် များ (Bilateral Repurchase Agreement - Repo Transaction) ကို ၂၀၁၇ခုနှစ်တွင် လည်းကောင်း ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ ထို့နောက် ဘဏ်အချင်းချင်းငွေကြေးဈေးကွက် ဆောင်ရွက်မှုများကို FIDES (Financial Information Data Exchange System) ၏ Interbank Reporting Template ကို

အသုံးပြု၍ Transaction ရှိသောနေ့တွင် ဘဏ်များမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ နေ့စဉ်သတင်းပေးပို့စေခြင်းအား၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဆောင်ရွက်စေခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အတွင်း ဘဏ်အချင်းချင်း ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်ခဲ့သောဘဏ်(၃၂)ဘဏ်အထိရှိခဲ့ပြီး၊ ၎င်းတွင် နိုင်ငံပိုင်ဘဏ်(၃) ဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် (၂၃) ဘဏ်နှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲ(၆)ဘဏ် ပါဝင်ပါသည်။ ၎င်းဘဏ်များအနက် ငွေကြေးပို့ပိုးသည့်ဘဏ် (ချေးငွေထုတ်ချေးသည့်ဘဏ်) (၂၇)ဘဏ်မှ(၃၂)ဘဏ်အတွင်းရှိပြီး ချေးငွေလက်ခံရယူသည့်ဘဏ်(၂၁)ဘဏ်မှ (၂၈)အထိရှိခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ်အချင်းချင်းဈေးကွက်တွင် ချေးငွေထုတ်ချေးမှု/ ချေးငွေလက်ခံမှု ပမာဏမှာ ကျပ် ၅၃၅ ဘီလီယံမှ ကျပ် ၁,၄၄၉ ဘီလီယံအတွင်းရှိခဲ့ပါသည်။ ချေးငွေထုတ်ချေးမှု/ချေးငွေလက်ခံမှု ပမာဏအများဆုံးကာလမှာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့် အနည်းဆုံးကာလမှာ ၂၀၂၀ပြည့်နှစ်၊ဧပြီလဖြစ်ကြောင်း တွေ့ရပါသည်။

ဘဏ်အချင်းချင်း ဈေးကွက်အတွင်း ဆောင်ရွက်သည့် သက်တမ်းကာလများမှာ O/N၊ (၁)ပတ်၊ (၂)ပတ်၊ (၃) ပတ် နှင့် (၁)လမှ (၁)နှစ်အထိရှိပြီး၊ ဘဏ်များအများဆုံးလုပ်ဆောင်သည့် သက်တမ်းကာလများမှာ O/N၊ (၁)ပတ်၊ (၂)ပတ်၊ (၁)လတို့ဖြစ်ပါသည်။ ပုံ(၁၈)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွင်းဘဏ်အချင်းချင်းငွေကြေးဈေးကွက်တွင် အများဆုံးလုပ်ဆောင်သည့် သက်တမ်းကာလအလိုက် အမြင့်ဆုံးနှင့် အနိမ့်ဆုံး အတိုးနှုန်း

များမှာ O/N အတွက် ၄.၈၃ ရာခိုင်နှုန်းနှင့် ၂.၀၇ ရာခိုင်နှုန်း၊ (၁)ပတ် အတွက် ၅.၄၃ ရာခိုင်နှုန်းနှင့် ၃.၄၈ ရာခိုင်နှုန်း၊(၂)ပတ် အတွက် ၇.၁၃ ရာခိုင်နှုန်းနှင့် ၄.၆၃ ရာခိုင် နှုန်း၊ (၁)လအတွက် ၈.၅၆ ရာခိုင်နှုန်းနှင့် ၆.၃၉ ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ် မတ်လတွင် အတိုးနှုန်း အမြင့်ဆုံးဖြစ်ပေါ် ခဲ့ပြီး၂၀၂၀ပြည့်နှစ်၊ဩဂုတ်လတွင် အတိုးနှုန်း များ ကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ ပုံ (၁၉)




သက်တမ်းကာလများအလိုက်အတိုး နှုန်းများနှင့်ဈေးယူဆောင်ရွက်သည့် ပမာဏ များအား ဇယား(၈) နှင့် ဇယား(၉) တို့ဖြင့် ဖော်ပြအပ်ပါသည်။

**အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချမှုအခြေအနေ**

အစိုးရဘတ်ဂျက်လိုငွေအား အများ ပြည်သူစုဆောင်းမှုဖြင့် ဖြည့်ဆည်းရန်နှင့် ကာလလတ်နှင့် ကာလရှည်ရင်းနှီးမြှုပ်နှံမှု ကို အားပေးဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ အစိုးရငွေတိုက်စာချုပ်များ ရောင်းချခြင်းကို စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်လျက်ရှိပါသည်။

အစိုးရငွေတိုက်စာချုပ်များအား Scripless System အသုံးပြု၍ အတိုးနှုန်း သတ်မှတ်ချက်မထားဘဲ ဈေးပြိုင်စနစ်ဖြင့် ထုတ်ဝေရောင်းချမှုကို ၂၀၁၆ခုနှစ်၊ စက်တင် ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဈေးပြိုင်စနစ်ဖြင့်သက်တမ်း(၂)နှစ်မှ (၅)နှစ် အတွင်းရှိ အစိုးရငွေတိုက်စာချုပ်ရောင်းချမှု (၁၂)ကြိမ် ဆောင်ရွက်ခဲ့ရာ ငွေတိုက်စာချုပ် တန်ဖိုး ကျပ်သန်းထောင်ပေါင်း ၂,၇၈၆.၇၃ ကို အသားတင်ရောင်းချခဲ့ပါသည်။

ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေနိုင်သည့်ဗဟိုဘဏ်မှအစိုးရဘတ်ဂျက်လိုငွေအားတိုက်ရိုက်ဖြည့်ဆည်းပေးခြင်းကိုလျှော့ချနိုင်စေရန်နှင့် ထိရောက်သော အစိုးရကြွေးမြီစီမံခန့်ခွဲမှုဖြစ်ပေါ်စေရန်အတွက် သက်တမ်း (၃)လ၊ (၆)လနှင့်(၁)နှစ်သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား စျေးပြိုင်စနစ်ဖြင့်ရောင်းချခြင်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကိုယ်စားဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေတိုက်လက်မှတ်စျေးပြိုင် စနစ်ဖြင့်ရောင်းချမှု (၂၃) ကြိမ်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ကျပ်သန်းထောင်ပေါင်း ၁၁,၅၄၀.၇၃ ရောင်းချခဲ့ပြီး၊ ရွေးနှုတ်မှု ကျပ်သန်းထောင်ပေါင်း ၉,၄၀၂.၁၃ ရှိခဲ့သဖြင့် အသားတင် ရောင်းချမှု ကျပ်သန်းထောင်ပေါင်း ၂,၁၃၈.၆၀ ရှိခဲ့ပါသည်။

အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်အတိုးနှုန်းများအား စျေးကွက်မှလေလံတင်သွင်းလာသည့်နှုန်းထားအပေါ် အခြေပြု၍ သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဇယား(၁၀)

**ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေအခြေအနေ**

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလကုန်ရှိ ငွေရေးကြေးရေးကုမ္ပဏီ(၂၇)ခုမှထုတ်ချေးငွေစုစုပေါင်းမှာ ကျပ်သန်းထောင်ပေါင်း ၁၁၃.၄၄ ရှိပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ခွင့်ပြုခဲ့သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အနက်လက်ရှိဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်းအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလထိ (၁၈၉) ခု ရှိပါသည်။ (ပုံ-၂၀)




ပုံ(၂၀) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စုဆောင်းငွေနှင့်ချေးငွေအခြေအနေ

ဇာစ်မြစ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလကုန် အထိအသေးစားငွေရေးကြေးရေးအဖွဲ့အစည်း များ၏ စုစုပေါင်းစုဆောင်းငွေမှာ ကျပ်သန်း ထောင်ပေါင်း ၉၃၀.၆၈ နှင့် စုစုပေါင်း ထုတ် ချေးငွေမှာကျပ်သန်းထောင်ပေါင်း၁၂၅၀၈.၉၃ ရှိခဲ့သဖြင့် ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်ရှိ အခြေအနေနှင့်နှိုင်းယှဉ်ပါက စုဆောင်းငွေနှင့် ထုတ်ချေးငွေတို့မှာ ၄၀ ရာခိုင်နှုန်းနှင့် ၄၅ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။

# အခန်း(၄)

# ငွေကြေးမူဝါဒ လုပ်ဆောင်ချက်များ

**ငွေကြေးမူဝါဒလုပ်ဆောင်ချက်များ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ငွေကြေးမူဝါဒရည်မှန်းချက်ဖြစ်သော ငွေကြေးဖောင်းပွမှုနှုန်းအား သင့်တင့်သော အနေအထား၌ ထိန်းသိမ်းနိုင်ရန်အတွက် ငွေကြေးပမာဏအား ထိန်းကျောင်းဆောင်ရွက်ရာတွင် အနည်းဆုံးသီးသန့်ငွေလို အပ်ချက်သတ်မှတ်ထားရှိခြင်းနှင့် အပ်ငွေလေလံခေါ်ယူခြင်းစသည့် ငွေကြေးမူဝါဒလုပ်ဆောင်ချက်များအား ဆောင်ရွက်လျက်ရှိပါသည်။၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ငွေကြေးမူဝါဒလုပ်ဆောင်ချက်များအား တင်ပြအပ်ပါသည်။

**အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ထားရှိဆောင်ရွက်မှုအခြေအနေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်အား အတိုး/အလျှော့ပြုလုပ်ခြင်းဖြင့် ငွေကြေးပမာဏအား ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အဖြစ် ဘဏ်များမှအပဆက်သွယ်သူများ၏ စုစုပေါင်းအပ်နှံငွေ၏ ၅ ရာခိုင်နှုန်းအား ငွေသားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဘဏ်များ၏ စာရင်းရှင်စာရင်းတွင် ထားရှိရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလမှစ၍ ဘဏ်များမှ လိုက်နာဆောင်ရွက်မှုအား စောင့်ကြည့်လျက်ရှိပါသည်။

သို့ရာတွင် လတ်တလောဖြစ်ပေါ်နေသော COVID -19 ကပ်ရောဂါကာလအတွင်း ဘဏ်လုပ်ငန်းကဏ္ဍတွင်ငွေကြေးလုံလောက်မှုရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်လည်ပတ်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ( ၁-၄-၂၀၂၀ ~ ၂၈-၄-၂၀၂၀ ) ထိန်းသိမ်းမှုကာလမှစ၍ မြန်မာကျပ်ငွေဖြင့် သီးသန့်ငွေလိုအပ်ချက်အချိုးအား ၅ ရာခိုင်နှုန်းမှ ၃.၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့ပါသည်။ အဆိုပါ လျှော့ချသတ်မှတ်မှုကာလအား (၃၀-၉-၂၀၂၁) ရက်နေ့အထိဆက်လက်ထားရှိမည်ဖြစ်ပါသည်။

အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်လျော့နည်းခြင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉၆ အရ ဒဏ်ကြေးသတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ညွှန်ကြားချက်တွင်

အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်လိုက်နာမှုမရှိသည့်ဘဏ်သည် ပထမအကြိမ်ပျက်ကွက်မှုအတွက် အမြင့်ဆုံးပေးဆောင်ရမည့် ဒဏ်ကြေး၏ ၆၀%၊ ဒုတိယအကြိမ်အတွက် ၈၀%နှင့်တတိယအကြိမ်နှင့်အထက်အတွက် ၁၀၀% ထိပေးဆောင်ရမည်ဖြစ်ပါသည်။

အနည်းဆုံးသီးသန့်ငွေထိန်းသိမ်းထားရှိမှုကာလမှာ ရက်သတ္တပတ်(၄)ပတ် (၂၈-ရက်) ဖြစ်ပြီး၊ နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ထိန်းသိမ်းမှုကာလသတ်မှတ်ချက်အစီအစဉ်အား ရေးဆွဲဆောင်ရွက်ပါသည်။ ဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးလုံလောက်မှုအခြေအနေအား သိရှိနိုင်ပြီး ဘဏ်အချင်းချင်း ငွေကြေးဈေးကွက်လုပ်ဆောင်ချက်များ ပိုမိုထိရောက်စေရန် ရည်ရွယ်၍မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်ထိန်းသိမ်းမှုကာလအလိုက် ဘဏ်လုပ်ငန်း ကဏ္ဍ၏ ပိုလျှံသီးသန့်ငွေအခြေအနေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website တွင် ဖော်ပြထားပါသည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွင်း ဘဏ်များအားလုံးသည် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက် ပြည့်မီလိုက်နာမှုရှိခဲ့ပါသည်။ ထိန်းသိမ်းမှုကာလအလိုက် ဘဏ်များ၏ အနည်းဆုံးသီးသန့်ငွေထားရှိမှုနှင့် ပိုလျှံသီးသန့်ငွေ အခြေအနေအား ပုံ(၂၁)နှင့် ပုံ(၂၂) တို့ဖြင့် ဖော်ပြအပ်ပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အပ်ငွေလေလံဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးစနစ်အတွင်းရှိငွေကြေးပမာဏအား(၂)ပတ်လျှင် (၁)ကြိမ် ခန့်မှန်းတွက်ချက်၍ရည်မှန်းချက်ထားရှိသောငွေကြေးပမာဏနှင့်နှိုင်းယှဉ်လျက် လိုအပ်သောငွေကြေးပမာဏ လုပ်ဆောင်ချက်ကိုဆောင်ရွက်ခြင်းဖြင့် ငွေကြေးပမာဏအား ရည်မှန်းချက်အတွင်း ရှိစေရန် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ၏ မေခရိုစီးပွားရေး အခြေခံအချက်များအရစျေးကွက်မှ ပိုလျှံငွေကြေးများကို ထုတ်နုတ်ရန် လိုအပ်သောကြောင့် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အပ်ငွေလေလံ ခေါ်ယူဆောင်ရွက်ခဲ့ပါသည်။

အပ်ငွေလေလံအား (၁၄) ရက် ၊ (၂၈) ရက်နှင့် (၄၂)ရက် လေလံသက်တမ်းများဖြင့် (၂)ပတ်လျှင် (၁)ကြိမ် ဆောင်ရွက်လျက်ရှိပါသည်။ အပ်ငွေလေလံသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များ ပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် ပြည့်မီမှုမရှိသောဘဏ်များအား အပ်ငွေလေလံသို့ ပါဝင်ခွင့်မပြုပါ။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အပ်ငွေလေလံ(၁၂)ကြိမ်ခေါ်ယူခဲ့ရာ တစ်ကြိမ်လျှင် ပျမ်းမျှ ကျပ် ၂၄၉ ဘီလီယံ (သီးသန့်ငွေကြေးပမာဏ၏ ၁.၂ ရာခိုင်နှုန်းခန့်) နုတ်သိမ်းနိုင်ခဲ့ပါသည်။ လေလံတင်သွင်းသည့် အမြင့်ဆုံးနှင့်အနိမ့်ဆုံး ပျမ်းမျှအတိုးနှုန်းများမှာ အပ်ငွေလေလံကာလ (၁၄)ရက်အတွက် ၆.၈၆ ရာခိုင်နှုန်းနှင့် ၆.၄၁ ရာခိုင်နှုန်း၊ (၂၈) ရက်အတွက် ၇.၁၃ ရာခိုင်နှုန်းနှင့် ၆.၇၄ ရာခိုင်နှုန်းနှင့် (၄၂) ရက်အတွက် ၈ ရာခိုင်နှုန်းနှင့် ၇.၀၁ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ ပုံ (၂၃) ၊ဇယား(၁၁)




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

လေလံအောင်မြင်သည့် အမြင့်ဆုံးနှင့်အနိမ့်ဆုံးပျမ်းမျှအတိုးနှုန်းများမှာအပ်ငွေလေလံ (၁၄)ရက်အတွင်း ၆.၇၉ ရာခိုင်နှုန်း

နှင့် ၆.၂၆ ရာခိုင်နှုန်း၊ (၂၈)ရက်အတွက် ၇.၁၂ ရာခိုင်နှုန်းနှင့် ၆.၇၄ ရာခိုင်နှုန်းအသီးသီး ရှိခဲ့ပါသည်။ (၄၂)ရက်အတွက် အပ်ငွေလေလံ အောင်မြင်မှုမရှိခဲ့ပါ။ ပုံ (၂၄)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း ဘဏ်လုပ်ငန်းကဏ္ဍ၏ငွေကြေးလုံလောက်မှုကို အထောက်အကူဖြစ်စေရန်အတွက် အပ်ငွေလေလံခေါ်ယူမှုအား ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၂၆)ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းခဲ့ပြီး၊ ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးပမာဏအခြေအနေအား စောင့်ကြပ်ကြည့်ရှုလျက်လိုအပ်သော ငွေကြေးမူဝါဒလုပ်ဆောင်ချက်များအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# နောက်ဆက်တွဲဇယားများ

**ဇယား(၁) ငွေကြေးဖောင်းပွမှုနှုန်းများ (၂၀၁၉ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ)**

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| ခုနှစ် | စားသုံးသူ ဈေးဆနှုန်းကိန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း |
|---|---|---|---|
| ၂၀၁၉ခုနှစ်၊စက်တင်ဘာ | ၁၅၉.၈၅ | ၈.၆၁ | ၉.၅၁ |
| အောက်တိုဘာ | ၁၆၀.၅၈ | ၈.၆၀ | ၈.၇၂ |
| နိုဝင်ဘာ | ၁၆၁.၂၆ | ၈.၅၉ | ၈.၂၆ |
| ဒီဇင်ဘာ | ၁၆၁.၇၂ | ၈.၈၁ | ၉.၄၅ |
| ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ | ၁၆၁.၃၃ | ၉.၀၆ | ၉.၀၉ |
| ဖေဖော်ဝါရီ | ၁၆၁.၂၉ | ၉.၂၀ | ၈.၃၆ |
| မတ် | ၁၆၀.၀၆ | ၉.၁၀ | ၆.၆၁ |
| ဧပြီ | ၁၆၀.၀၀ | ၈.၈၀ | ၅.၂၄ |
| မေ | ၁၆၀.၁၂ | ၈.၃၅ | ၄.၂၁ |
| ဇွန် | ၁၆၀.၉၈ | ၇.၉၁ | ၄.၁၆ |
| ဇူလိုင် | ၁၆၁.၁၄ | ၇.၁၄ | ၁.၇၀ |
| ဩဂုတ် | ၁၆၂.၀၅ | ၆.၄၃ | ၁.၈၄ |
| စက်တင်ဘာ | ၁၆၃.၁၀ | ၅.၈၁ | ၂.၀၃ |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား(၂) တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းအရနှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း**
**(၂၀၁၉ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ)**

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| အကြောင်းအရာ | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ | ၂၀၂၀ | | |
|---|---|---|---|---|---|
| | | စက်တင်ဘာ | မတ် | ဇွန် | စက်တင် ဘာ |
| **အုပ်စုအားလုံး** | **၁၀၀** | **၉.၅၁** | **၆.၆၁** | **၄.၁၆** | **၂.၀၃** |
| **အစားအစာအုပ်စု** | **၅၈.၄၆** | **၈.၇၇** | **၄.၈၃** | **၁.၆၈** | **၂.၂၆** |
| ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၈.၄၄ | ၁၆.၂၅ | ၅.၉၅ | ၃.၈၀ |
| အဝတ်အထည် | ၃.၂၄ | ၄.၉၃ | ၃.၈၁ | ၂.၉၉ | ၂.၁၉ |
| အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၃၁.၄၁ | ၂၉.၆၇ | ၂၈.၂၇ | ၁.၇၁ |
| အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၇.၇၉ | ၅.၄၄ | ၄.၆၀ | ၃.၁၃ |
| ကျန်းမာရေး | ၂.၁၃ | ၈.၁၂ | ၇.၅၆ | ၅.၉၁ | ၅.၁၁ |
| သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | -၀.၀၆ | -၄.၈၈ | -၄.၉၄ | -၅.၇၁ |
| ဆက်သွယ်ရေး | ၁.၆၂ | -၀.၇၃ | -၀.၄၂ | -၀.၂၆ | -၀.၂၁ |
| အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၂.၀၆ | ၁၁.၉၈ | ၁.၈၅ | ၁.၆၂ |
| ပညာရေး | ၂.၁၅ | ၄.၀၈ | ၄.၅၉ | ၂.၈၇ | ၁.၀၅ |
| ပြင်ပအစားအသောက် | ၅.၉၆ | ၄.၇၄ | ၈.၂၁ | ၉.၄၅ | ၈.၀၇ |
| အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၁.၆၀ | ၇.၂၄ | ၇.၃၅ | ၅.၁၀ |
| **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၀.၈၀** | **၉.၇၈** | **၈.၆၆** | **၁.၆၄** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား(၃) တိုင်းဒေသကြီး၊ပြည်နယ်နှင့်မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းကိန်းအရပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ်၊ စက်တင်ဘာလမှ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလအထိ)**

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| စဉ် | ပြည်နယ်/ တိုင်း | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ | ၂၀၂၀ | | |
|---|---|---|---|---|---|---|
| | | | စက်တင်ဘာ | မတ် | ဇွန် | စက်တင် ဘာ |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၄.၅၉ | ၃.၈၀ | ၃.၇၃ | ၃.၆၅ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၆.၂၉ | ၇.၆၂ | ၆.၀၁ | ၃.၈၃ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၈.၁၄ | ၇.၅၆ | ၆.၅၈ | ၅.၉၀ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၉.၄၃ | ၇.၄၃ | ၅.၁၂ | ၂.၃၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၁.၂၆ | ၁၁.၁၀ | ၇.၇၈ | ၃.၃၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၈.၁၈ | ၇.၁၁ | ၅.၅၉ | ၃.၉၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၈.၀၆ | ၉.၀၉ | ၈.၂၅ | ၆.၆၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၂.၆၂ | ၁၁.၅၀ | ၉.၀၅ | ၆.၃၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၈.၂၆ | ၁၀.၄၉ | ၈.၉၄ | ၆.၆၆ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၉.၁၂ | ၆.၄၄ | ၄.၄၆ | ၁.၄၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၇.၃၈ | ၅.၁၆ | ၄.၄၀ | ၂.၅၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၆.၁၄ | ၈.၃၆ | ၈.၆၃ | ၇.၁၉ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၇.၃၉ | ၆.၅၅ | ၅.၆၅ | ၄.၂၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၈.၅၂ | ၁၂.၉၆ | ၁၂.၇၁ | ၁၀.၈၃ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၆.၄၈ | ၉.၀၈ | ၈.၉၀ | ၇.၄၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၈.၅၂ | ၈.၃၁ | ၇.၈၅ | ၆.၃၈ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၀.၁၄ | ၁၂.၅၄ | ၁၂.၁၃ | ၉.၅၄ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၉.၄၇ | ၁၁.၃၆ | ၉.၈၃ | ၆.၀၀ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၈.၆၁** | **၉.၁** | **၇.၉၁** | **၅.၈၁** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား (၄) စုစုပေါင်းပို့ကုန်နှင့် သွင်းကုန်အခြေအနေပြဇယား**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (အောက်တိုဘာမှ စက်တင်ဘာလအထိ) |
|---|---|---|---|
| ၁ | **စုစုပေါင်းပို့ကုန်** | **၁၇,၀၆၀.၄** | **၁၇,၆၆၃.၀** |
| | လယ်ယာ | ၃,၂၅၃.၅ | ၃,၇၄၆.၂ |
| | သားငါး | ၁,၀၉၇.၄ | ၉၆၀.၅ |
| | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၄၇၁.၄ | ၁,၈၆၁.၉ |
| | သစ်တော | ၁၇၅.၅ | ၁၅၀.၉ |
| | ထုတ်လုပ်မှု | ၈,၉၉၄.၀ | ၈,၄၈၈.၉ |
| | အခြား | ၂,၀၆၈.၆ | ၂,၄၅၄.၆ |
| ၂ | **စုစုပေါင်းသွင်းကုန်** | **၁၈,၀၈၆.၆** | **၁၉,၀၃၇.၂** |
| | ရင်းနှီးကုန်စည် | ၅,၃၄၆.၉ | ၆,၇၁၄.၀ |
| | ကြားခံကုန်စည် | ၇,၆၇၀.၈ | ၇,၄၂၁.၆ |
| | စားသုံးကုန်စည် | ၅,၀၆၈.၉ | ၄၉,၀၁.၆ |
| ၃ | **စုစုပေါင်းကုန်သွယ်မှုပမာဏ** | **၃၅,၁၄၇.၀** | **၃၆,၇၀၀.၂** |
| ၄ | **ပိုငွေ (+) /လိုငွေ (-)** | **(-)၁,၀၂၆.၂** | **(-)၁,၃၇၄.၂** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား(၅) လစဉ်ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံတွင် ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၉ခုနှစ်စက်တင်ဘာလမှ၂၀၂၀ပြည့်နှစ်စက်တင်ဘာလအထိ)**

| ကာလ | ရည်ညွှန်း နိုင်ငံခြား ငွေလဲ လှယ်နှုန်း | အဝေး ငွေလဲလှယ် နှုန်း | ဈေးကွက် နိုင်ငံခြားငွေ လဲလှယ်နှုန်း | ဗဟိုဘဏ်မှ ဝင်ရောက် ရောင်းဝယ်ပေးမှု (အမေရိကန်ဒေါ်လာ) (-)အသားတင်ရောင်းချမှု (+) အသားတင်ဝယ်ယူမှု |
|---|---|---|---|---|
| ၂၀၁၉ ခုနှစ်၊စက်တင်ဘာ | ၁,၅၃၃ | ၁,၅၃၃ | ၁,၅၃၄ | - |
| အောက်တိုဘာ | ၁,၅၃၂ | ၁,၅၃၁ | ၁,၅၃၂ | ၁,၀၀၀,၀၀၀ |
| နိုဝင်ဘာ | ၁,၅၁၅ | ၁,၅၁၄ | ၁,၅၁၆ | ၂၈,၄၀၀,၀၀၀ |
| ဒီဇင်ဘာ | ၁,၅၀၂ | ၁,၅၀၁ | ၁,၅၀၄ | ၂၇,၀၀၀,၀၀၀ |
| ၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီ | ၁,၄၆၉ | ၁,၄၆၉ | ၁,၄၇၃ | ၃၉,၅၀၀,၀၀၀ |
| ဖေဖော်ဝါရီ | ၁,၄၄၉ | ၁,၄၄၈ | ၁,၄၄၇ | ၃၁,၅၀၀,၀၀၀ |
| မတ် | ၁,၄၀၂ | ၁,၄၀၅ | ၁,၃၉၉ | ၂၇,၀၀၀,၀၀၀ |
| ဧပြီ | ၁,၄၂၄ | ၁,၄၂၂ | ၁,၄၂၀ | (၂၇,၀၀၀,၀၀၀ ) |
| မေ | ၁,၄၀၅ | ၁,၄၀၄ | ၁,၄၁၁ | ၁၆,၇၀၀,၀၀၀ |
| ဇွန် | ၁,၃၉၆ | ၁,၃၉၅ | ၁,၃၉၈ | ၃၉,၁၀၀,၀၀၀ |
| ဇူလိုင် | ၁,၃၇၂ | ၁,၃၇၀ | ၁,၃၇၇ | ၃၁,၁၀၀,၀၀၀ |
| ဩဂုတ် | ၁,၃၅၈ | ၁,၃၅၆ | ၁,၃၇၀ | ၃၅,၆၀၀,၀၀၀ |
| စက်တင်ဘာ | ၁,၃၂၂ | ၁,၃၁၈ | ၁,၃၃၄ | ၄၄,၂၀၀,၀၀၀ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၆) ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းနှင့် ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလအထိ)**

(၂၀၁၂ ဇူလိုင် = ၁၀၀)

| ကာလ | ထိရောက်သောအမည်ခံ ငွေလဲလှယ်နှုန်း (NEER) ၁/ | ထိရောက်သောအမှန် ငွေလဲလှယ်နှုန်း (REER) ၂/ |
|---|---|---|
| ၂၀၁၉ခုနှစ်၊ စက်တင်ဘာ | ၆၄.၀၇ | ၉၁.၀၉ |
| အောက်တိုဘာ | ၆၃.၈၆ | ၉၀.၈၄ |
| နိုဝင်ဘာ | ၆၄.၁၉ | ၉၁.၅၀ |
| ဒီဇင်ဘာ | ၆၄.၇၂ | ၉၂.၃၉ |
| ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီ | ၆၅.၇၅ | ၉၃.၁၃ |
| ဖေဖော်ဝါရီ | ၆၇.၇၄ | ၉၅.၆၇ |
| မတ် | ၇၀.၉၇ | ၁၀၀.၁၉ |
| ဧပြီ | ၇၀.၅၈ | ၁၀၀.၄၂ |
| မေ | ၇၁.၂၁ | ၁၀၁.၆၈ |
| ဇွန် | ၇၀.၇၄ | ၁၀၁.၁၉ |
| ဇူလိုင် | ၇၁.၇၀ | ၁၀၂.၂၄ |
| ဩဂုတ် | ၇၁.၆၀ | ၁၀၂.၂၇ |
| စက်တင်ဘာ | ၇၃.၀၄ | ၁၀၄.၈၀ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

---

၁/ ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate-NEER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်(၁၂)နိုင်ငံပါရှိသည့် အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့်မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို ဂျော်မက်ထရစ်ပျမ်းမျှအလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှု ဖော်မြူလာမှာ -

$$NEER_t = \prod_{i=1}^{N} (E_{i,t})^{W_i}$$

၂/ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက် (၁၂) နိုင်ငံပါရှိသည့် အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့် မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို နှစ်နိုင်ငံ၏ စားသုံးသူဈေးဆ နှုန်းအရ ညှိနှိုင်းပြီးရရှိသည့် အမှန်ငွေလဲလှယ်နှုန်းများအား ဂျော်မက်ထရစ်ပျမ်းမျှအလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှုဖော်မြူလာမှာ -

$$REER_t = \prod_{i=1}^{N} \left(E_i \frac{P}{P_i^*}\right)^{W_i}$$

**ဇယား(၇) စုစုပေါင်းငွေကြေးပမာဏနှင့်ယင်းအပေါ်အကျိုးသက်ရောက်စေသည့်အချက်များ**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ)**

(ကျပ်သန်းထောင်ပေါင်း)

| အကြောင်းအရာ | ၂၀၁၆ခုနှစ် စက်တင် ဘာလ | ၂၀၁၇ခုနှစ် စက်တင် ဘာလ | ၂၀၁၈ခုနှစ် စက်တင် ဘာလ | ၂၀၁၉ ခုနှစ် စက်တင် ဘာလ | ၂၀၂၀ပြည့်နှစ် စက်တင် ဘာလ |
|---|---|---|---|---|---|
| ဘဏ်များပြင်ပရှိငွေ | ၉,၂၁၉ | ၉,၉၇၃ | ၁၁,၅၀၄ | ၁၃,၀၆၃ | ၁၅,၄၅၃ |
| ဘဏ်စာရင်းရှင်အပ်ငွေ | ၄,၄၁၉ | ၄,၆၆၈ | ၅,၆၈၈ | ၆,၅၄၅ | ၆,၉၅၅ |
| ဘဏ်စုဆောင်းငွေ | ၂၈,၆၁၂ | ၃၁,၂၉၇ | ၃၇,၂၈၈ | ၄၃,၂၇၅ | ၅၆,၈၆၆ |
| ငွေကြေးပမာဏ(M1) | ၁၃,၆၃၈ | ၁၄,၆၄၁ | ၁၇,၁၉၂ | ၁၉,၆၀၈ | ၂၂,၄၀၈ |
| စုစုပေါင်းငွေကြေးပမာဏ(M2) | ၃၇,၈၃၁ | ၄၅,၉၃၈ | ၅၄,၄၈၀ | ၆၂,၈၈၃ | ၇၂,၃၁၉ |
| အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ | ၉,၂၄၃ | ၈,၉၀၈ | ၁၀,၈၄၁ | ၁၁,၃၅၃ | ၁၁,၂၉၆ |
| ပြည်တွင်းချေးငွေ | ၂၉,၇၁၂ | ၃၆,၃၂၄ | ၄၄,၀၈၁ | ၅၁,၇၆၁ | ၅၉,၁၉၁ |
| အစိုးရကဏ္ဍသို့ချေးငွေ | ၁၂,၃၅၃ | ၁၄,၃၄၆ | ၁၈,၅၆၂ | ၂၂,၁၆၈ | ၂၆,၈၆၇ |
| ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍ များသို့ချေးငွေ | ၁၇,၃၅၉ | ၂၁,၉၇၈ | ၂၅,၅၁၉ | ၂၉,၅၉၄ | ၃၂,၃၂၅ |
| -ပုဂ္ဂလိကကဏ္ဍသို့ချေးငွေ | ၁၆,၁၁၅ | ၂၀,၅၇၀ | ၂၄,၉၁၉ | ၂၈,၉၂၆ | ၃၁,၄၀၆ |
| ဘဏ်လုပ်ငန်းကဏ္ဍ၏ အသားတင်ပေးရန်တာဝန်များ | -၁,၁၂၄ | ၇၀၆ | -၄၄၁ | -၂၃၀ | ၁,၈၃၂ |

ဇာစ်မြစ်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၈) ဘဏ်အချင်းချင်းငွေကြေးဈေးကွက်အတွင်းအတိုးနှုန်းပြောင်းလဲမှုအခြေအနေပြဇယား**
**(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ)**

**(ရာခိုင်နှုန်း)**

| သက်တမ်းကာလ | O/N | (၁)ပတ် | (၂)ပတ် | (၁)လ | (၃)လ |
|---|---|---|---|---|---|
| ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ | ၄.၅၄ | ၅.၄၃ | ၇.၃၂ | ၇.၉၅ | ၈.၈၂ |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ | ၃.၇၂ | ၄.၄၆ | ၇.၁၃ | ၇.၇၄ | ၈.၇၇ |
| ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ | ၃.၄၇ | ၄.၄၅ | ၆.၇၁ | ၇.၄၇ | ၈.၆၁ |
| ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ | ၃.၆၇ | ၅.၂ | ၆.၇၈ | ၇.၄၉ | ၈.၄၆ |
| ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ | ၃.၆၃ | ၅.၀၇ | ၆.၇၈ | ၇.၅ | ၈.၇၉ |
| ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ | ၃.၄၇ | ၄.၉၅ | ၆.၇၁ | ၇.၆၄ | ၈.၇၃ |
| ၂၀၂၀ ပြည့်နှစ်၊ မတ်လ | ၄.၈၃ | ၅.၄၃ | ၆.၉၁ | ၈.၁၈ | ၈.၈၃ |
| ၂၀၂၀ ပြည့်နှစ်၊ ဧပြီ | ၄.၂၇ | ၅.၁၉ | ၆.၇၆ | ၈.၅၆ | ၈.၄၂ |
| ၂၀၂၀ ပြည့်နှစ်၊ မေ | ၃.၈၄ | ၅.၀၇ | ၆.၀၄ | ၇.၃၄ | ၇.၇ |
| ၂၀၂၀ ပြည့်နှစ်၊ ဇွန် | ၂.၈၇ | ၄.၃၂ | ၅.၄၂ | ၆.၅၆ | ၇.၁၄ |
| ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် | ၂.၂၃ | ၃.၄၈ | ၄.၆၅ | ၆.၄ | ၇.၀၁ |
| ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် | ၂.၀၇ | ၃.၉၁ | ၄.၆၃ | ၆.၃၉ | ၇.၃၄ |
| ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ | ၂.၃၄ | ၄.၂၃ | ၅.၂ | ၆.၈၅ | ၇.၂၅ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၉) ဘဏ်အချင်းချင်းငွေကြေးဈေးကွက်ဆောင်ရွက်မှုအခြေအနေ**
**(၂၀၁၉ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ)**

**(ကျပ်သန်းထောင်ပေါင်း)**

| သက်တမ်းကာလ | O/N | (၁)ပတ် | (၂)ပတ် | (၁)လ | (၃)လ |
|---|---|---|---|---|---|
| ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ | ၂၇၇ | ၂၃၂ | ၁၈၆ | ၂၇၀ | ၆၃ |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ | ၁၆၅ | ၅၁ | ၆၄ | ၂၈၃ | ၅၃ |
| ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ | ၅၉၆ | ၁၅၁ | ၄၃ | ၂၇၉ | ၃၂ |
| ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ | ၅၂၅ | ၁၈၈ | ၈၈ | ၃၀၆ | ၅၂ |
| ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ | ၇၆၇ | ၁၇၅ | ၅၅ | ၂၉၂ | ၇၅ |
| ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ | ၄၆၅ | ၃၄၆ | ၇၀ | ၁၉၄ | ၁၁၈ |
| ၂၀၂၀ ပြည့်နှစ်၊ မတ်လ | ၂၉၃ | ၂၅၄ | ၄၆ | ၁၃၃ | ၉၉ |
| ၂၀၂၀ ပြည့်နှစ်၊ ဧပြီ | ၈၁ | ၇၆ | ၆၈ | ၂၀၆ | ၄၉ |
| ၂၀၂၀ ပြည့်နှစ်၊ မေ | ၂၈၂ | ၂၃၁ | ၁၀၉ | ၁၄၄ | ၆၇ |
| ၂၀၂၀ ပြည့်နှစ်၊ ဇွန် | ၆၀ | ၁၈၁ | ၁၉၆ | ၂၂၅ | ၆၈ |
| ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် | ၂၈၀ | ၂၄၅ | ၂၀၃ | ၁၈၁ | ၅၀ |
| ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် | ၂၄၅ | ၁၂၇ | ၁၉၂ | ၂၁၆ | ၈၇ |
| ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ | ၁၈၃ | ၁၄၆ | ၁၇၈ | ၂၉၇ | ၄၃ |

ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၀) အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလအထိ)

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁။ | TB0109 | ၉၈ | ၃၀၀ | ၂၂၁ | ၈.၂၀၈ |
| | | ၁၈၂ | | ၂၁ | ၉.၁၅ |
| | | ၃၅၇ | | ၁၀ | ၉.၅ |
| ၂။ | TB0110 | ၉၈ | ၇၀၀ | ၄၂၁ | ၈.၁၃၇ |
| | | ၁၈၂ | | ၂၃၈ | ၉.၀၄၆ |
| | | ၃၅၇ | | ၁၉ | ၉.၄၂၈ |
| ၃။ | TB0111 | ၉၁ | ၄၀၀ | ၂၃၇ | ၈.၂၇၃ |
| | | ၁၈၉ | | ၅ | ၉.၀၄၅ |
| | | - | | - | - |
| ၄။ | TB0112 | ၈၄ | ၅၀၀ | ၃၃၈ | ၈.၂ |
| | | ၁၈၂ | | ၁၀၁ | ၈.၉၈၂ |
| | | ၃၆၄ | | ၄၆ | ၉.၃၉၉ |
| ၅။ | TB0113 | ၉၁ | ၄၀၀ | ၃၃၇ | ၈.၀၀၆ |
| | | ၁၈၂ | | ၁၄ | ၈.၈၉၇ |
| | | ၃၆၄ | | ၃၈ | ၉.၃၉၄ |
| ၆။ | TB0114 | ၉၁ | ၆၀၀ | ၃၃၁ | ၇.၉၈၆ |
| | | ၁၇၅ | | ၁၁၆ | ၈.၈၈၈ |
| | | ၃၅၇ | | ၆၉ | ၉.၄၅၀ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၁၀)	အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား**
**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလအထိ) (အဆက်)**

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၇။ | TB0115 | ၈၄ | ၅၀၀ | ၄၂၆ | ၈.၀၂၄ |
| | | ၁၇၅ | | ၈ | ၈.၉၄၈ |
| | | ၃၆၄ | | ၄၆ | ၉.၄၆၅ |
| ၈။ | TB0116 | ၈၄ | ၆၀၀ | ၃၃၅ | ၈.၀၈၇ |
| | | ၁၈၂ | | ၂၅ | ၈.၉၀၆ |
| | | ၃၆၄ | | ၃၇ | ၉.၄၈၉ |
| ၉။ | TB0117 | ၉၈ | ၄၀၀ | ၂၅၉ | ၈.၀၄၅ |
| | | ၁၈၂ | | ၂၄ | ၈.၉၁၆ |
| | | ၃၆၄ | | ၃၉ | ၉.၄၈၇ |
| ၁၀။ | TB0118 | ၉၁ | ၄၀၀ | ၃၄၇ | ၈.၀၀ |
| | | ၁၈၂ | | ၁၃ | ၈.၉၀ |
| | | ၃၆၄ | | ၃၀ | ၉.၄၉၅ |
| ၁၁။ | TB0119 | ၉၁ | ၅၀၀ | ၃၃၀ | ၈.၀၃၉ |
| | | ၁၈၂ | | - | - |
| | | ၃၆၄ | | ၅၅ | ၉.၄၁၆ |
| ၁၂။ | TB0120 | ၈၄ | ၅၀၀ | ၁၁၅ | ၈.၀၅၉ |
| | | ၁၇၅ | | - | - |
| | | ၃၅၇ | | ၅ | ၉.၄၉၈ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၁၀)  အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား**
**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလအထိ) (အဆက်)**

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁၃။ | TB0121 | ၉၈ | ၆၀၀ | ၄၅၅ | ၇.၈၉၄ |
| | | ၁၇၅ | | ၁၂၅ | ၈.၄၈၁ |
| | | ၃၆၄ | | ၅ | ၉.၂၃၀ |
| ၁၄။ | TB0122 | ၈၄ | ၅၀၀ | ၄၇၉ | ၇.၀၉၃ |
| | | ၁၈၂ | | ၇ | ၇.၆၃၅ |
| | | ၃၅၇ | | ၅ | ၈.၃၅၈ |
| ၁၅။ | TB0123 | ၉၁ | ၅၀၀ | ၃၇၉ | ၇.၀၅၆ |
| | | ၁၈၉ | | ၇၈ | ၇.၆၂၈ |
| | | ၃၆၄ | | ၃၁ | ၈.၂၀၇ |
| ၁၆။ | TB0124 | ၉၁ | ၅၀၀ | ၃၈၄ | ၆.၈၄၅ |
| | | ၁၈၂ | | ၂၈ | ၇.၄၃၅ |
| | | ၃၆၄ | | ၇၄ | ၈.၀၃၇ |
| ၁၇။ | TB0125 | ၉၁ | ၇၀၀ | ၄၁၁ | ၆.၅၆၁ |
| | | ၁၇၅ | | ၃၀ | ၇.၄၉၉ |
| | | ၃၆၄ | | ၁၉၄ | ၈.၀၆၈ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၁၀)　　အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား**
**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလအထိ) (အဆက်)**

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁၈။ | TB0126 | ၉၈ | ၇၀၀ | ၄၂၀ | ၇.၀၈၉ |
| | | ၁၈၉ | | ၁၀၅ | ၇.၅၇၃ |
| | | ၃၅၇ | | ၁၁၅ | ၈.၂၁၄ |
| ၁၉။ | TB0127 | ၉၄ | ၇၀၀ | ၄၉၇ | ၇.၀၅၀ |
| | | ၁၇၈ | | ၁၀၁ | ၇.၆၇၉ |
| | | ၃၆၀ | | ၈၃ | ၈.၁၉၄ |
| ၂၀။ | TB0128 | ၉၁ | ၇၀၀ | ၄၅၈ | ၇.၁၈၇ |
| | | ၁၈၂ | | ၇၆ | ၇.၇၂၄ |
| | | ၃၆၄ | | ၁၂၁ | ၈.၃၂၃ |
| ၂၁။ | TB0129 | ၉၈ | ၇၀၀ | ၃၅၄ | ၇.၂၂၉ |
| | | ၁၈၂ | | ၁၈၄ | ၇.၇၃၀ |
| | | ၃၆၄ | | ၁၃၆ | ၈.၄၆၈ |
| ၂၂။ | TB0130 | ၃၅ | ၈၀၀ | ၃၄၁ | ၆.၆၃၀ |
| | | ၉၁ | | ၂၃၃ | ၇.၄၀၂ |
| | | ၁၈၂ | | ၉၁ | ၇.၇၉၈ |
| | | ၃၆၄ | | ၉၉ | ၈.၄၉၃ |
| ၂၃။ | TB0131 | ၄၂ | ၈၀၀ | ၃၁၀ | ၇.၀၄၈ |
| | | ၈၄ | | ၃၂၃ | ၇.၄၃၁ |
| | | ၁၇၅ | | ၇၄ | ၇.၈၃၃ |
| | | ၃၅၇ | | ၇၅ | ၈.၅၆၅ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၁၁) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၉ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ပြည့်နှစ်၊ မတ်လအထိ)**

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူပမာဏ | အဆိုပြုပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှအတိုးနှုန်း |
| ၁ | ၁/၂၀၁၉-၂၀၂၀ | ၁၄ | ၃၀၀ | ၆၄၃.၃ | ၂၈၆.၅ | ၆.၁၀-၆.၉၅ | ၆.၇၉ |
| | | ၂၈ | | ၁၃.၅ | ၁၃.၅ | ၇.၀-၇.၁ | ၇.၀၄ |
| | | ၄၂ | | ၅ | - | - | - |
| ၂ | ၂/ ၂၀၁၉-၂၀၂၀ | ၁၄ | ၃၀၀ | ၅၄၈ | ၂၇၆ | ၆.၃-၆.၉ | ၆.၇၃ |
| | | ၂၈ | | ၂၄ | ၂၄ | ၆.၉၅-၇.၁ | ၇.၀၂ |
| | | ၄၂ | | ၃၀ | - | - | - |
| ၃ | ၃/ ၂၀၁၉-၂၀၂၀ | ၁၄ | ၄၀၀ | ၄၉၂.၈ | ၃၉၃ | ၆.၅-၆.၉၅ | ၆.၇၇ |
| | | ၂၈ | | ၇ | ၇ | ၇.၀-၇.၀ | ၇.၀ |
| | | ၄၂ | | - | - | - | - |
| ၄ | ၄/ ၂၀၁၉-၂၀၂၀ | ၁၄ | ၄၀၀ | ၇၇၄ | ၃၅၀ | ၅.၈၉-၆.၈၅ | ၆.၂၆ |
| | | ၂၈ | | ၅၀ | ၅၀ | ၆.၆၀-၇.၀ | ၆.၇၄ |
| | | ၄၂ | | - | - | - | - |
| ၅ | ၅/၂၀၁၉-၂၀၂၀ | ၁၄ | ၃၀၀ | ၄၇၅ | ၂၆၇ | ၆.၀-၆.၈၅ | ၆.၆၅ |
| | | ၂၈ | | ၃၃ | ၃၃ | ၆.၆၉-၇.၀ | ၆.၉၂ |
| | | ၄၂ | | - | - | - | - |
| ၆ | ၆/၂၀၁၉-၂၀၂၀ | ၁၄ | ၂၀၀ | ၂၂၇ | ၁၉၇.၅ | ၆.၂၅-၆.၈၅ | ၆.၇၁ |
| | | ၂၈ | | ၉.၅ | ၂.၅ | ၆.၉၉-၇.၀၀ | ၆.၉၉ |
| | | ၄၂ | | - | - | - | - |
| ၇ | ၇/၂၀၁၉-၂၀၂၀ | ၁၄ | ၂၀၀ | ၁၈၆ | ၁၇၀.၆ | ၆.၅-၆.၉ | ၆.၇၆ |
| | | ၂၈ | | ၂၉.၄ | ၂၉.၄ | ၆.၉၉-၇.၁၅ | ၇.၀၄ |
| | | ၄၂ | | - | - | - | - |

**ဇယား(၁၁) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၉ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ) အဆက်**

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူ ပမာဏ | အဆိုပြု ပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှ အတိုးနှုန်း |
| ၈ | ၈/၂၀၁၉-၂၀၂၀ | ၁၄ | ၁၅၀ | ၃၀၆.၅ | ၁၃၉ | ၆.၃-၆.၈၅ | ၆.၇၂ |
| | | ၂၈ | | ၁၁.၅ | ၁၁ | ၇.၁၀-၇.၁၅ | ၇.၁၂ |
| | | ၆၂ | | - | - | - | - |
| ၉ | ၉/ ၂၀၁၉-၂၀၂၀ | ၁၄ | ၂၀၀ | ၁၆၁ | ၁၆၁ | ၆.၅-၆.၈၅ | ၆.၇ |
| | | ၂၈ | | ၁၄.၅ | ၁၄.၅ | ၇.၀-၇.၁၅ | ၇.၀၆ |
| | | ၆၂ | | - | - | - | - |
| ၁၀ | ၁၀/၂၀၁၉-၂၀၂၀ | ၁၄ | ၂၀၀ | ၂၈၅.၉၅ | ၁၉၃ | ၆.၅-၆.၈၅ | ၆.၇၃ |
| | | ၂၈ | | ၇ | ၇ | ၇.၁၀-၇.၁၀ | ၇.၁၀ |
| | | ၆၂ | | - | - | - | - |
| ၁၁ | ၁၁/၂၀၁၉-၂၀၂၀ | ၁၄ | ၂၀၀ | ၂၇၉ | ၁၈၆.၅ | ၆.၅-၆.၈၅ | ၆.၇၆ |
| | | ၂၈ | | ၁၃.၅ | ၁၃.၅ | ၇.၀-၇.၀၅ | ၇.၀၂ |
| | | ၆၂ | | - | - | ၀.၀-၀.၀ | - |
| ၁၂ | ၁၂/၂၀၁၉-၂၀၂၀ | ၁၄ | ၂၀၀ | ၁၆၀.၇၅ | ၁၆၀.၇၅ | ၆.၅-၆.၉၅ | ၆.၇၈ |
| | | ၂၈ | | - | - | - | - |
| | | ၆၂ | | - | - | - | - |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်